# ဒသမတန်းစိတ်ကြိုက်မြန်မာစာ
# မြန်မာကဗျာကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာတတ်မြောက် အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ကျောင်းသားအားလုံး လေ့လာသင်ယူရမည့် မြန်မာစာနှင့် မြန်မာစာကို အထူးစိတ်ဝင်စားပြီး နက်နက်ရှိုင်းရှိုင်းလေ့လာလိုသည့် ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာဟူ၍ နှစ်မျိုးခွဲခြားထားသည်။ စိတ်ကြိုက်မြန်မာစာသင်ယူမည့် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် မြန်မာစာကို အသုံးချစာပေအဖြစ် အသုံးပြုနိုင်မည့် အခြေခံကောင်းများရရှိစေရန် ပြုစုထားပါသည်။

ဒသမတန်း စိတ်ကြိုက်မြန်မာကဗျာ ကျောင်းသုံးစာအုပ်ကို အသုံးပြုရာတွင် မြန်မာစာကဗျာဖွဲ့နည်းများကို ကောင်းစွာသိရှိပြီး လက်တွေ့အသုံးချတတ်ရန် သင်ယူမည်။ မြန်မာကဗျာရွေးချယ်ချက်များကို လေ့လာရာတွင်လည်း မြန်မာကဗျာ၏ ရသနှင့်အနှစ်သာရကို သိရှိခံစားတတ်လာအောင် သင်ယူမည်။ ကဗျာစပ်ဆိုမှုနှင့် မြန်မာကဗျာဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏လမ်းညွှန်မှုဖြင့် တစ်ဦးချင်းလေ့ကျင့်ခြင်း၊ အဖွဲ့လိုက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူမည်။ မြန်မာကဗျာဖွဲ့နည်းနှင့် မြန်မာကဗျာကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့်အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည်ဖြစ်သည်။

ကဗျာစာဆိုတို့သည် မျက်စိရှင်ကြသည်။ နားပါးကြသည်။ အတွေးကြွယ်ကြသည်။ အပြောတတ်ကြသည်။ သာမန်လူတို့ မြင်သည်ထက် သာမန်လူတို့ကြားသည်ထက် သာမန်လူတို့တွေးသည်ထက် သာမန်လူတို့ပြောသည်ထက် မြင်တတ်၊ ကြားတတ်၊ တွေးတတ်၊ ပြောတတ်ကြသည်။ သူတို့ဖွဲ့ဆိုသောကဗျာတို့ကို ဖတ်ရွတ်လေ့လာခြင်းဖြင့် သူတို့ကဲ့သို့ပင် မြင်တတ်၊ ကြားတတ်၊ တွေးတတ်၊ ပြောတတ်နိုင်သောအစွမ်းကို ရရှိနိုင်သည်။ ဤသို့ရရှိအောင်လည်း အားထုတ်သင်ယူသင့်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤဒသမတန်း စိတ်ကြိုက်မြန်မာစာ မြန်မာကဗျာကျောင်းသုံးစာအုပ်တွင် အပိုင်းနှစ်ပိုင်းပါဝင်သည်။

**အပိုင်း –၁**

မြန်မာကဗျာဖွဲ့နည်း

**အပိုင်း –၂**

မြန်မာကဗျာရွေးချယ်ချက်

DBE BOX Copyright Protected

## သင်ယူကြရမည့်နည်းလမ်းများ

ကဗျာသင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် ၂၁ ရာစုတွင် အရေးပါလာသည့် ရသခံစားမှုနှင့် ဘာသာစကားဆိုင်ရာကျွမ်းကျင်မှုများရရှိလာအောင် ဆရာက လက်တွေ့သင်ကြားလေ့ကျင့်ပေးမည်။ ပထမပိုင်းဖြစ်သည့် ကဗျာဖွဲ့နည်းကို လက်တွေ့လေ့ကျင့်သင်ယူမည်။ ဒုတိယပိုင်း ကဗျာရွေးချယ်ချက်များကိုလေ့လာရာတွင် ကဗျာရွတ်ဆိုခြင်း၊ ကဗျာနောက်ခံကို လေ့လာခြင်း၊ ကဗျာအရေးအဖွဲ့လေ့လာခြင်း၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ လေ့လာခြင်း၊ ရသဘောလေ့လာခြင်းဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကို ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ နိုင်ငံသားကောင်းဖြစ်ခြင်းဟူသည့် နည်းလမ်းငါးရပ်ဖြင့် လေ့လာသင်ယူမည်။

**လေ့လာမှုနယ်ပယ်ငါးရပ်**

(၁) **ကဗျာရွတ်ဖတ်ခြင်း** - ကဗျာကိုလေ့လာရာတွင် ကဗျာနှင့်ရင်းနှီးလာစေရန် ကဗျာကိုရွတ်ဆိုသင့်သည်။

(က) တစ်ကြိမ်နှစ်ကြိမ်ဖတ်ရုံမျှဖြင့် ကဗျာ၏ဆိုလိုချက်ကို အပြည့်အစုံမသိမြင်နိုင်ပါ။ ထို့ကြောင့် ကဗျာကိုအကြိမ်ကြိမ်ဖတ်ပါ။

(ခ) အခွင့်သာလျှင် ကဗျာကိုအသံထွက်၍ ရွတ်ဖတ်ပါ။ အခွင့်မသာလျှင် မိမိစိတ်က ကြားရလောက်အောင် နှုတ်ခမ်းလှုပ်၍ဖတ်ပါ။ ကဗျာတွင်စီကုံးထားသော စကားလုံးတို့၏ အသံသည် ကဗျာ၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်စေနိုင်သည်။ တတ်နိုင်လျှင်အသံနေအသံထားနှင့် ဌာန်ကရိုဏ်းကျအောင် ဖတ်ပါ။ သည့်ထက်တတ်နိုင်လျှင် ဂီတသံပေါက်အောင်ဆိုပြီးဖတ်ပါ။ ကဗျာ၏အရသာကို ပို၍တွေ့ပါလိမ့်မည်။

(ဂ) ကဗျာတို့တွင် ကာရန်အခံအအုပ်၊ အချိတ်အဆက်တို့ရှိသည်။ ပဒ၊ အဖြတ်အတောက်၊ အရပ်အနားတို့ရှိသည်။ ယင်းတို့ကို ရှာဖွေလေ့လာ၍ ယင်းတို့ပေါ်လွင်အောင် ကဗျာကို ရွတ်ဖတ်ပါ။ ကာရန်ကိုနားလည်၍ အဖြတ်အတောက်၊ အရပ်အနားကို သဘောပေါက်လျှင် ကဗျာကိုကောင်းစွာ သိမြင်လာနိုင်မည်ဖြစ်သည်။

(၂) **ကဗျာနောက်ခံ** - ကဗျာနောက်ခံကိုလေ့လာရာတွင် ရည်ရွယ်ချက်၊ ကဗျာ၏အညွှန်းခံ၊ ကာလဒေသဆိုလိုရင်းတို့ကို လေ့လာသင့်သည်။

(က) **ရည်ရွယ်ချက်** - စာတစ်ပုဒ်တွင် အသိပေးရည်ရွယ်ချက်နှင့် စေတနာနှိုးရည်ရွယ်ချက် နှစ်မျိုးရှိသည်။ ကဗျာသည် ရသစာပေအမျိုးအစားဖြစ်သည့်အလျောက် ကဗျာ၏ အဓိကရည်ရွယ်ချက်သည် စေတနာနှိုးဆော်လိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။ ဆုံးမစာ

EBBOX - Copyright Protected

ကဲ့သို့သော အချို့ကဗျာများတွင်မူ အသိပညာပေးလိုသော သုတပေးရည်ရွယ်ချက်မျိုးကိုတွေ့နိုင်မည်ဖြစ်သော်လည်း အများအားဖြင့် စေတနာနှိုးရည်ရွယ်ချက်သာ အလေးကဲလေ့ရှိသည်။ ကဗျာ၏ရည်ရွယ်ချက်ကို ဖော်ထုတ်ရာတွင် မည်သည့်ရည်ရွယ်ချက်မျိုးဖြစ်သည်၊ စေတနာနှိုးဆော်သောရည်ရွယ်ချက်ဖြစ်လျှင် မည်သည့်စေတနာကို နှိုးဆော်လိုသော ရည်ရွယ်ချက် ဖြစ်သည်ကို ဖော်ထုတ်နိုင်ပါသည်။

(ခ) **အညွှန်းခံ** - ကဗျာတွင် ကာယကံရှင် တစ်ယောက်သော်လည်းကောင်း၊ အများသော်လည်းကောင်းပါရှိသည်။ စာဆိုသည် ကာယကံရှင်ကို ပြထားသည်လည်းရှိသည်။ ဖျောက်ထားသည်လည်းရှိသည်။ ဆိုင်ရာ ကြိယာတို့ကို ကြည့်၍ ငါလား၊ သူလား၊ သင်လား။ ငါဆိုလျှင် ကျွန်တော်လား၊ ကျွန်မလား စသည်ကို ဖော်ပါ။ သူဆိုလျှင် သက်ရှိလား၊ သက်မဲ့လား၊ ယောကျ်ားလား၊ မိန်းမလား စသည်ကိုဖော်ပြပါ။ သင်ဆိုလျှင် ရှင်လား၊ ခင်ဗျားလား စသည်တို့ကိုဖော်ထုတ်ပါ။

(ဂ) **ကာလဒေသ** - ကဗျာနှင့်သက်ဆိုင်သော ကာလကိုမှန်းဆကြည့်ပါ။ နေ့လား၊ ညလား၊ မည်သည့်လ၊ မည်သည့်နှစ်၊ မည်သည့်ခေတ်လဲ။

ကဗျာနှင့် သက်ဆိုင်သောဒေသကို မှန်းဆကြည့်ပါ။ အိမ်တွင်းလား၊ အိမ်ပြင်လား၊ မြို့ပြလား၊ ကျေးရွာလား၊ တောထဲမှာလား၊ တောင်ပေါ်မှာလား။

ကာလဒေသကို မှန်းဆနိုင်လျှင် ကဗျာ၏အဓိပ္ပာယ် ပိုမိုထင်ရှားကျယ်ပြန့်လာမည်။

(ဃ) **ဆိုလိုရင်း** - ကဗျာ၏ဆိုလိုရင်းကို ကောင်းစွာသိရှိနိုင်ရန်အတွက် ကဗျာပါစကားအသုံးအနှုန်းတို့ကို လေ့လာရမည်။ ကျောင်းသုံးစာအုပ်တွင်ဖွင့်ဆိုပြထားသည့် အနက်အဓိပ္ပာယ်သာမက မြန်မာအဘိဓာန်ကိုအသုံးချ၍ အဓိပ္ပာယ်ရှာဖွေသည့် အလေ့အထရရှိအောင် လေ့လာသင်ယူမည်။

ကဗျာပါ ဝါကျများကို စကားပြေဖြင့်ဆိုလိုရင်းပြန်ဆိုရေးသားပါ။ ကဗျာကိုလွယ်ကူသောစကားတို့ဖြင့် တိကျရှင်းလင်းစွာ စကားပြေပြန်ကြည့်ပါ။ ကဗျာတွင်ပါသည့် အရေးကြီးသော စိတ်ကူးတို့ မကြွင်းမကျန်ရစ်ရအောင် သတိပြုပါ။ စကားပြေပြန်ရာတွင် သွယ်သွယ်ဝိုက်ဝိုက် ရေးဖွဲ့ထားသော အဖွဲ့အနွဲ့တို့ကို စကားရိုးဖြင့် ပြန်ရေးပါ။

(၃) **အရေးအသားအဖွဲ့အနွဲ့** - ကဗျာသည် ဘာသာစကားကို အကောင်းဆုံး၊ အထူးခြားဆုံးဖန်တီးထားသော စာလက်ရာဖြစ်ပါသည်။ စာဆိုသုံးထားသည့် စကားလုံးများသည် ကဗျာတွင်နေရာတကျ သင့်လျော်ညီညွတ်မှု ရှိနေတတ်ပါသည်။ ထိုသို့ကဗျာစာဆို၏ အသံနှင့်ကာရန်ညီညွတ်ပြေပြစ်အောင် မည်သို့ဖွဲ့ဆိုထားပုံကို ဖော်ထုတ်ပါ။ စကားလုံးများကို အကြောင်းအရာနှင့်

DBE BOX - Copyright Protected

လိုက်ဖက်စွာ သူနေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် တိတိကျကျ၊ ကျစ်ကျစ်လျစ်လျစ်သုံးတတ်သော စာဆို၏စွမ်းရည်ကိုအကဲခတ်ပါ။

(၄) **သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ** - သဒ္ဒါလင်္ကာရသည် စကားတန်ဆာဆင်ခြင်း ဖြစ်သည်။ သဒ္ဒါလင်္ကာရဖြစ်သော ကဗျာ့ဂုဏ်ကိုလေ့လာရာတွင် ကာရန်ထပ်သော နဘောထပ်ဂုဏ်၊ ချိုသာသော မဓုရတာဂုဏ်၊ သိလွယ်ရှင်းလင်းသော ပသာဒဂုဏ်၊ ကျစ်လျစ်သိပ်သည်းသော ဩဇဂုဏ်၊ တင်စားသော သမာဓိဂုဏ်တို့ကို ဖော်ထုတ်လေ့လာပါ။ သမာဓိဂုဏ်တွင် (၁) သက်ရှိသတ္တဝါတို့၏သဘောကို သက်မဲ့ဝတ္ထု၌တင်စားခြင်း၊ (၂) အဆင်းသဏ္ဍာန်ရှိသော ဝတ္ထု၏သဘောကို အဆင်းသဏ္ဍာန်မဲ့သောဝတ္ထု၌တင်စားခြင်း၊ (၃) အရသာရှိသောဝတ္ထု၏ သဘောကို အရသာမဲ့သောဝတ္ထု၌တင်စားခြင်း၊ (၄) အရည်ဖြစ်သောဝတ္ထု၏သဘောကို အရည်မဟုတ်သော ဝတ္ထု၌တင်စားခြင်း၊ (၅) လုပ်တတ်သော သူ၏သဘောကို လုပ်တတ်သူမဟုတ်သော ဝတ္ထု၌တင်စားခြင်း၊ (၄) အစိုင်အခဲဖြစ်သောဝတ္ထု၏သဘောကို အစိုင်အခဲမဟုတ်သော ဝတ္ထု၌တင်စားခြင်းဟူသည့်တင်စားမှု အမျိုးမျိုးကို ဖော်ထုတ်နိုင်ပါသည်။ အတ္ထာလင်္ကာရသည် အနက်တန်ဆာဆင်ခြင်း ဖြစ်သည်။ အတ္ထာလင်္ကာရတွင် အလင်္ကာများကို လေ့လာသည်။ စကားပြေပါ အရေးအသားတို့ကို ကျောင်းသင်အလင်္ကာ ၅ မျိုးဖြစ်သော ဝဏ်ဝုတ္တိအလင်္ကာ၊ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာတို့ဖြင့် စိစစ်လေ့လာပါ။

(၅) **ရသသဘော** - ကဗျာသည် ခံစားမှုပေးသော အဖွဲ့အနွဲ့ဖြစ်သည်။ ကဗျာသည် ချစ်ခင်ခြင်း၊ ကြည်နူးခြင်း၊ လွမ်းဆွတ်ခြင်း၊ အားတက်ခြင်း စသောခံစားမှုအမျိုးမျိုးကိုပေးသော အဖွဲ့အနွဲ့မျိုးဖြစ်သည်။ ထိုခံစားမှု၏ အစွမ်းဖြင့် ဘဝအသိ၊ ဘဝအမြင်ကို သိမြင်လာစေသည်။ ကဗျာကိုလေ့လာရာတွင် ချစ်ခင်မှုဆိုသောသိင်္ဂါရရသ၊ ရယ်ရွှင်မှုဆိုသော ဟဿရသ၊ ကြင်နာမှုဆိုသော ကရုဏာရသ၊ ရက်စက်မှုဆိုသော ရုဒ္ဒရသ၊ ရဲဝံ့စွန့်စားမှုဆိုသော ဝီရရသ၊ ကြောက်ရွံ့မှုဆိုသော ဘယာနကရသ၊ မုန်းတီးမှုဆိုသော ဝိဘစ္ဆရသ၊ အံ့ဩမှုဆိုသော အဗ္ဘုတရသ၊ တင်းတိမ်ရောင့်ရဲမှုဆိုသော သန္တရသ ရသကိုးပါးကို ဖော်ထုတ်ပြီး ရသ၏အာနိသင်ကိုရရှိအောင် လေ့လာရမည်။

## နည်းလမ်းငါးရပ်

(၁) **ပူးပေါင်းဆောင်ရွက်ခြင်း** - ကဗျာသင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီး ကဗျာဖွဲ့နည်းများကို ဆွေးနွေးခြင်း၊ ကဗျာဆိုင်ရာအတွေးအခေါ်များ မျှဝေခြင်း၊ အသံကာရန်အကြောင်း ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ကဗျာနှင့်ပတ်သက်သည့် သိမှတ်စရာအဖြေများကို အတူရှာဖွေခြင်း၊ ပူးပေါင်းကဗျာဖွဲ့စပ်ခြင်းတို့ကို လုပ်ဆောင်မည်။ လက်တွေ့စပ်ဆိုထားသည့်ကဗျာကို အပြန်အလှန်ဆွေးနွေးခြင်း၊ စစ်ဆေးအကြံပေးခြင်း တို့ကို ဆောင်ရွက်မည်။

DREBOX Copyright Protected

(၂) **ဆက်သွယ်ပြောဆိုခြင်း** - မြန်မာကဗျာကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ကဗျာသုံးဘာသာစကား၊ ကဗျာအဖွဲ့အနွဲ့များကို ဆက်သွယ်ပြောဆိုမှုများတွင် ဆီလျော်သလို လက်တွေ့အသုံးချနိုင်မည်။ ကဗျာနှင့်ပတ်သက်သည့် သင်ခန်းစာအားလုံးကို ပြောဆိုဆွေးနွေးခြင်း၊ ရွတ်ဖတ်ခြင်း၊ ရွတ်ဆိုခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်း စသည့် ဆက်သွယ်မှုများကို ကိုယ်အမူအရာများ မှန်ကန်စွာ ပေါင်းစပ်ဆက်သွယ်နိုင်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။

(၃) **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - ကဗျာသဘော ကဗျာဖွဲ့နည်းနှင့်ပတ်သက်သည့် ဖြေရှင်းရန်ရှိသည့် ပြဿနာများ၊ ကဗျာမှပေးသော အတွေးအခေါ် အယူအဆဆိုင်ရာပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ အမှားရှာဖွေခြင်းနှင့် ပြုပြင်ခြင်းတို့ကို ပြုလုပ်ရမည်။

(၄) **တီထွင်ဖန်တီးခြင်း** - ကဗျာစပ်နည်းကိုအသုံးချ၍ ကဗျာတစ်ပုဒ်ဖန်တီးစပ်ဆိုနိုင်အောင် လေ့ကျင့်သင်ယူမည်။ ကဗျာကိုလေ့လာရာတွင် သမားရိုးကျလေ့လာမှုထက် ကဗျာဆရာ၏ ကဗျာဆိုင်ရာတီထွင်ဖန်တီးမှုကို နားလည်သိရှိအောင်သင်ယူပြီး မိမိကိုယ်တိုင်တီထွင်ဖန်တီးနိုင်အောင် လေ့ကျင့်သင်ယူမည်။ ဘာသာစကားကို သမားရိုးကျပြောဆိုရေးသားသည့် အခြေအနေမှ ကျော်လွန်ပြီး အတွေးအခေါ်များပေါင်းစပ်ကာ ပြောဆိုရေးသားနိုင်သည့်စွမ်းရည်များ၊ နည်းလမ်းသစ်များဖြင့် ဆက်သွယ်မှုထိရောက်စေရန် ကျောင်းသားများကိုယ်တိုင် တီထွင်ဖန်တီးသည့်အလေ့အထများ ရရှိစေမည်။

(၅) **နိုင်ငံသားကောင်းဖြစ်ခြင်း** - ကဗျာမှတစ်ဆင့် ရသစာပေခံစားဖတ်ရှုတတ်သည့်အလေ့အထ၊ ရသစာပေဖန်တီးတတ်သည့် အလေ့အထများပွားများလာစေမည်။ ကဗျာမှရရှိသော ရသခံစားမှုများမှတစ်ဆင့် တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသော၊ လူသားအချင်းချင်းစာနာနားလည်တတ်သော လူသားပီသသော နိုင်ငံသားကောင်းများ ဖြစ်လာစေမည်။ အမြော်အမြင်ပြည့်စုံ၍ စိတ်ကောင်းနှလုံးကောင်းရှိသော နိုင်ငံသားကောင်းဖြစ်လာစေရန် ကဗျာကပေးသော ရသအာနိသင်ဖြင့် လေ့လာသင်ယူမည်။ စိတ်ကောင်းနှလုံးကောင်းရှိ၍ လူပီသသော လူသားများဖြစ်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း နိုင်ငံသားကောင်းဖြစ်စေရန်အရင်းခံကျသော အချက်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံသားတိုင်း နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်ချက်ဖြစ်သော စိတ်ကောင်းနှလုံးကောင်းရှိ၍ လူပီသသော လူသားများဖြစ်စေရန် မျှော်မှန်းချက်ဖြင့် ကဗျာသင်ခန်းစာများကို သင်ယူရမည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဒသမတန်း စိတ်ကြိုက်မြန်မာစာကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

DBE BOX - Copyright Protected

## ကဗျာဖွဲ့နည်း

ကဗျာဖွဲ့နည်းသင်ခန်းစာများကို သင်ယူပြီးသည့်အခါ ကျောင်းသားများသည် ကဗျာ၏အသံနရီကာရန်များအကြောင်း၊ သံချပ်၊ လေးလုံးစပ်၊ လင်္ကာ၊ အချိုး စသည့်ကဗျာဖွဲ့နည်းများကို ကောင်းစွာ သိရှိပြီး ကိုယ်တိုင်လည်း စပ်ဆိုတတ်လာမည်။ ကဗျာလက်တွေ့သင်ခန်းစာများကို ပြုလုပ်ခြင်းဖြင့် ကဗျာ လက်တွေ့စပ်ဆိုတတ်သော၊ ကဗျာတစ်ပုဒ်ကို ခွဲခြမ်းစိတ်ဖြာ စိစစ်လေ့လာတတ်သော အလေ့အထများ ပွားများလာမည်။

## ကဗျာရွေးချယ်ချက်

ကဗျာရွေးချယ်ချက်သင်ခန်းစာများကို သင်ယူပြီးသည့်အခါ ကျောင်းသားများသည် ကဗျာပါ အကြောင်းအရာများကို နားလည်သိရှိပြီး ကဗျာ၏အနှစ်သာရကို သိမြင်လာမည်။ ကဗျာရွေးချယ်ချက် ပါ ကဗျာများ၏ဖွဲ့စပ်ပုံကို ကဗျာဖွဲ့နည်းသင်ခန်းစာပါ ကဗျာဖွဲ့နည်းဖြင့် ချိန်ထိုးလေ့လာတတ်လာမည်။ ကဗျာကပေးသော ရသအသိအမြင်များမှတစ်ဆင့် ဘဝအသိအမြင်များကို ရရှိလာမည်။ ကဗျာမှ ရရှိသည့် ဘဝအသိအမြင်များကို လက်တွေ့ဘဝတွင် သင်ခန်းစာယူတတ်လာမည်။

ရသစာပေဖြစ်သော ကဗျာကိုလေ့လာပြီးသည့်အခါ စာရေးသူ၏ စိတ်ကူးဉာဏ်တန်ခိုးကြောင့် နှစ်သက်ခြင်း ရသအတွေ့အကြုံကိုရရှိလာမည်။ စာရေးသူ၏ စေတနာတန်ခိုးကြောင့် လူ့လောကကိစ္စတို့၌လည်းကောင်း၊ ဘဝအဖြစ်အပျက်တို့၌ လည်းကောင်း ဝမ်းမြောက်ထိုက်သောအရာကို ဝမ်းမြောက်ရမှန်း သိလာမည်။ သနားထိုက်သောအရာအတွက် သနားရမှန်းသိလာမည်။ အားတက်ထိုက်သော အရာအတွက် အားတက်ရမှန်းသိလာမည်။ ရဲရင့်ထိုက်သောအရာအတွက် ရဲရင့်ရမှန်းသိလာမည်။ အံ့ဩထိုက်သောအရာအတွက် အံ့ဩရမှန်းသိလာမည်။ ချစ်မြတ်နိုးထိုက်သောအရာအတွက် ချစ်မြတ်နိုး ရမှန်းသိလာမည်။ စက်ဆုပ်ထိုက်သောအရာအတွက် စက်ဆုပ်ရမှန်းသိလာမည်။ ချီးကျူးထိုက်သော အရာအတွက် ချီးကျူးရမှန်းသိလာမည်။ ကဲ့ရဲ့ထိုက်သောအရာအတွက် ကဲ့ရဲ့ရမှန်းသိလာမည်။ ကျောင်းသားတို့သည် သူ့ဘဝပတ်ဝန်းကျင်ကို သူ့ခံစားမှုအသိဖြင့် သတိမူမိ၍ အမှား အမှန်၊ အကောင်း အဆိုး၊ အကျိုးအပြစ်တို့ကို သဘောပေါက်လာနိုင်မည်။ ထိုမှတစ်ဆင့် ဘဝအသိ ဘဝအမြင်များရရှိကာ လူ့လောကတွင် တွေးခေါ်မြော်မြင်တတ်သော၊ စာနာနားလည်တတ်သော၊ လူပီသသော နိုင်ငံသားကောင်းများ ဖြစ်လာမည်။

DBL BOX Copyright Protected

# အပိုင်း – ၁

# မြန်မာကဗျာဖွဲ့နည်း

## မြန်မာကဗျာဖွဲ့နည်းမိတ်ဆက်

ကဗျာဖွဲ့နည်းမစခင် မြန်မာကဗျာနဲ့ အရင်မိတ်ဆက်ကြမယ်။ ကျောင်းစ နေကတည်းက ကနေ့ ဒသမတန်းရောက်တဲ့အထိ တစ်နှစ်မပြတ်သင်လာခဲ့ကြလို့ အားလုံးနဲ့ရင်းနှီးပြီးဖြစ်နေတဲ့ ကဗျာနဲ့မိတ်ဆက် ကြမယ်ဆိုတော့ တပည့်တို့အတွက် တစ်မျိုးဖြစ်ကောင်း ဖြစ်နေမယ်။

အရင့်အရင်က ကဗျာကို ကိုယ့်အတွက်လေ့လာမှတ်သားဖို့ သင်ခဲ့ကြတာဖြစ်ပြီး အခုကတော့ သူများအတွက် ကဗျာဖွဲ့ဖို့ သင်ယူကြရမှာ ဖြစ်တဲ့အတွက် အရင်နဲ့မတူ ကွဲပြားမှာ ဖြစ်တယ်။

စားဖွယ်တစ်ခုကို စားတဲ့သူအဖို့ကတော့ ကြိုက်မကြိုက်၊ ကောင်းမကောင်းလောက်ပဲ ပြောလေ့ ရှိတယ်။ ဒါပေမဲ့ ဒီစားဖွယ်ကိုချက်ပြုတ်ဖန်တီးရမဲ့ “စားဖိုသည်”အဖို့ကတော့ စားဖွယ်မှာပါဝင်ရမဲ့ ပစ္စည်းတွေ၊ ဒီပစ္စည်းတွေနဲ့ ဘာလုပ်ရမလဲ၊ ချက်မှာလား၊ ကြော်မှာလား၊ ကင်မှာလားစတဲ့ လုပ်ဆောင် ရမဲ့နည်းတွေကို လေ့လာတတ်ကျွမ်းထားရမှာဖြစ်တယ်။ တစ်ဆက်တည်းဆိုရရင် စားဖိုသည်ဟာ ကိုယ့်လက်ရာအပေါ် ကျေနပ်ပီတိဖြစ်ကြရတယ်ဆိုတာကိုလဲ သိရှိထားကြရမယ်။

စားသုံးသူနဲ့ စားဖိုသည်ကွာခြားသလို ကဗျာရွတ်ဖတ်သူနဲ့ ကဗျာဖွဲ့ဆိုသူနှစ်ဦး ကွဲပြားပုံကို သဘောပေါက်ပြီလို့ ယူဆတယ်။

ကိုယ်တိုင် ကောင်းကောင်းချက်တတ်သူဟာ ကောင်းကောင်းလဲ စားတတ်ကြတယ်နော်။

ကဗျာရေးဖွဲ့မဲ့သူတွေကိုယ်တိုင်က ကဗျာကောင်းလေးတွေကြိုက်တတ်အောင် မိတ်ဆက်တဲ့ အနေနဲ့ ကဗျာရွတ်ကြရအောင်။

- ❖ ဆရာက ကဗျာရွတ်ဆိုမည့် အစီအစဉ်ပြောခြင်း <u>(ကဗျာသင်ခန်းစာသင်ကြားတိုင်း ကဗျာကို ဆရာနှင့် ကျောင်းသားအားလုံး ရွတ်ဆိုကြပါမည်။)</u>
- ❖ ကျောင်းသားများက ကဗျာရွတ်ခြင်း
- ❖ ဆရာက ကဗျာမိတ်ဆက်ရွတ်ဆိုပွဲ အပိတ်စကားပြောကြားခြင်း

PDF BOX Copyright Protected

## အခန်း ၁

## ကဗျာ

ကဗျာဖွဲ့နည်းသင်ကြားကြမဲ့သူများဟာဦးစွာပထမ ကဗျာဆိုတာဘာလဲလို့သိဖို့လိုအပ်ပါတယ်။

"ကဗျာဆိုတာ စကားသံများနဲ့ ရွတ်ဆိုကောင်းအောင် ဖွဲ့သီထားတဲ့ အနုပညာပစ္စည်း" လို့ ယေဘုယျမှတ်သားကြပါစို့။

၁။ ကဗျာဆိုတာကို စကားသံတွေနဲ့ ဖွဲ့ကြတယ်။

- ❖ ရွတ်ဆိုကောင်းဖို့ စကားသံတွေကို နရီ၊ စည်းဝါးလေး ဖြည့်ပေးရတယ်။
- ❖ ဖွဲ့သီထားတယ်ဆိုတာ စည်းစနစ်နဲ့ လုပ်ကြရတယ်။
- ❖ အနုပညာပစ္စည်းဆိုတာ ထိတွေ့သူကို ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိရမယ်။

ရှေးရှေးစာအရေးအသား မပေါ်ခင်ကတည်းက လူတွေဟာ ကဗျာတွေကို နှုတ်လွတ်ဆင့်ကမ်း သီဆိုခဲ့ကြတယ် မှတ်သားခဲ့ကြတယ်လို့ သမိုင်းမှာ အမှတ်အသားရှိပါတယ်။ ရှေးအိန္ဒိယမှာ ထွန်းကားခဲ့တဲ့ ရာမာယနတို့ မဟာဘာရတတို့ဆိုတာ နှုတ်နဲ့သီကုံးခဲ့တဲ့ နှုတ်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြတဲ့ ဂါထာများစွာရှိတဲ့ ကဗျာရှည်ကြီးတွေပေါ့။ ရှေးကမြန်မာဘုရင်တွေဟာ ကဗျာရွတ်ဆို လျှောက်ထားတာကို နားဆင်လေ့ရှိကြတယ်။ အဲဒီလိုရွတ်ဆိုလျှောက်ထားဖို့ "စာတော်ဖတ်"များ ခန့်ထားလေ့ရှိကြတယ်။ ပြည်သူတွေကလဲ လုပ်ငန်းခွင်မှာ ကျေးလက်ကောက်စိုက်သံတို့ မောင်းထောင်းတေးတို့ ရွတ်ဆိုနားထောင်ကြပြီး ရုပ်သေးပွဲတွေမှာ သံချိုကိုင်ဆရာတွေလက်တန်းဖွဲ့ဆိုကြတဲ့ သံချိုကဗျာများကို မြိန်ရှက်စွာနားဆင်ခဲ့ကြတယ်။ ဇာတ်သဘင်တွေမှာ မင်းသား၊ မင်းသမီးတွေရဲ့ ဆို- ငို ပြကြတဲ့ ဇာတ်စာ၊ လင်္ကာတွေကိုလဲ နားထောင်ခဲ့ စွဲလမ်းနှစ်သက်ခဲ့ကြတယ်။

၂။ ကဗျာကို ရွတ်ဆိုကောင်းအောင် နားထောင်ကောင်းအောင် ဖွဲ့ကြတယ်။

- ❖ ရွတ်ဆိုကောင်းအောင်၊ နားထောင်ကောင်းအောင် ရွတ်ဆိုနိုင်ဖို့ နားမှာအရသာရှိစေမဲ့ နရီ၊ စည်းဝါး၊ ကာရန်၊ နဘေစတဲ့ အသံတန်ဆာဆင်မှုတွေ ပါဝင်စေရမယ်။ အဲဒီ အကြောင်းတွေကို သက်ဆိုင်ရာအခန်းမှာ အကျယ်လေ့လာကြမယ်။

၃။ ကဗျာဟာ ဖွဲ့ထားတဲ့အရာဖြစ်တယ်။

- ❖ ပရမ်းပတာရွတ်ဆိုတဲ့ စကားသံတွေဟာ ကဗျာမဟုတ်ဘူး။ ဖွဲ့ထားတဲ့အရာဖြစ်လို့ ဖွဲ့ပုံဖွဲ့နည်း စနစ်တကျရှိတယ်။ ရှေ့ကပြောခဲ့တဲ့ စကားသံတွေ၊ နရီ၊ စည်းဝါး၊ ကာရန်၊ နဘေ စတာတွေကို စနစ်တကျ နှစ်လိုဖွယ် ပုံစံဖော်ထားတာဟာ "ဖွဲ့" တာပဲ။

၄။ အနုပညာပစ္စည်း

❖ အနုပညာပစ္စည်းဖြစ်ဖို့ရာ အနိမ့်ဆုံးအဆင့် "ကောင်းလိုက်တာ၊ ကြိုက်လိုက်တာ"ဆိုတဲ့ နှစ်သက်မှုမျိုး ပေးစွမ်းနိုင်ရမယ်။ ဒီထက်ပိုပြီး ကဗျာ့အာဘော်ဟာ စဉ်းစားဆင်ခြင်ဉာဏ်ကို နှိုးဆွတွန်းအားပေးနိုင်စွမ်းရှိရမယ်။ ဒီလိုအာနိသင်ရှိတဲ့ကဗျာဟာ အနုပညာပစ္စည်းပါပဲ။ "အနုပညာပစ္စည်း"ရဲ့ သဘာဝကို ပြလိုက်တာပါ။ အလွန်အဆင့်မြင့်မှ ကဗျာလို့ဆိုလိုတာ တော့ မဟုတ်ဘူး။ တပည့်တို့တွေ လုံလောက်တဲ့အဆင့်ရောက်ဖို့ မင်းတို့ရဲ့ဉာဏ်ရည်နဲ့ ဝီရိယမှာတော့ ဆရာ၊ ဆရာမတို့ရဲ့ လက်တွဲခေါ်ယူမှုနဲ့ ဖြည့်စွက်လိုက်ရင် အခက်အခဲမရှိနိုင်ပါဘူး။

**မှတ်သားရန်**

<u>ကဗျာဟူသည်</u>

စကားသံတွေနဲ့ + ရွတ်ဆိုကောင်းအောင် + သီဖွဲ့ထားတဲ့ + အနုပညာပစ္စည်း

DBE BOX - Copyright Protected

## အခန်း ၂
## အသံ

ကဗျာတွေကို ရွတ်ဆိုကောင်းအောင် စကားသံများနဲ့ သီဖွဲ့ခဲ့ကြတယ်။ စကားသံဆိုတာ နေ့စဉ် လူတွေပြောဆိုနေကြတဲ့ အဓိပ္ပာယ်ရှိတဲ့ စကားတွေရဲ့အသံပဲ ဖြစ်ပါတယ်။ ဒီစကားသံတွေကို အတိုးအကျယ် အဖိအဖော့၊ အရှည်အတို၊ အတက်အကျ ဆိုကြရင်းနဲ့ "ညီညာဖြဖြရွတ်ဆိုလို့ကောင်းတဲ့ အသံဖွဲ့စည်းပုံစနစ်"တွေကို တွေ့ရှိလာကြတယ်။ ဒီလိုနဲ့ စကားသံတွေကို စနစ်တကျ ဖွဲ့စည်းရွတ်ဆို ကြရင်းနဲ့ ကဗျာတွေဖြစ်လာကြတယ်။ နောင်အခါစာရေးခြင်းအတတ် ထွန်းကားလာချိန်မှာ နှုတ်နဲ့ သာမက စာနဲ့ပါ ကဗျာတွေရေးဖွဲ့လာကြတယ်။

အကျယ်အတိုး - <u>ရွတ်ဆိုကြည့်ကြမယ်။</u>

"ဟဲ့- နော်၊ လုဒ္ဒက ဆင်စွယ်ကို မရရင် ဇီဝနတ္ထိ နင်သေမည်သိစုံ" (ကျယ်ကျယ်မာမာ)

"ခုသေမလောက် ကျွန်တော်မျိုးကြောက်လှ၍ဓားအောက်ကသာ အနိုင်ခွာပြီးမှ"(တိုးတိုးပျော့ပျော့)

အဖိအဖော့၊ အတိုအရှည် - <u>ရွတ်ဆိုကြည့်ကြမယ်။</u>

"မင်---ဂလာပါ ဆရာမ" (မင် ကို ဖိ၊ ကျန်စကားများဖော့၊ မင် ကို ရှည် ကျန်စကားများ တို)

အတက်အကျ - <u>ရွတ်ဆိုကြည့်ကြမယ်။</u>

မေးခွန်း ။ ။ တကယ်--- (အသံမြှင့်ပြီး သိလိုသည့်လေသံဖြင့်ပြော)

ဟုတ်ရဲ့လား--- (အသံနှိမ့်ပြီး မယုံကြည်သည့်လေသံဖြင့်ပြော)

ဒီနမူနာစကားလေးတွေကို တပည့်တွေကိုယ်တိုင် ရွတ်ဆိုကြည့်ပါ။ နားထောင်ကြည့်ပါ။ ကဗျာဖွဲ့တဲ့အခါမှာ အသံရဲ့အရှည်အသွေးတွေကို ပညာသားပါပါအသုံးပြုပြီး ရေးဖွဲ့ကြရမှာ ဖြစ်ပါတယ်။

မြန်မာဘာသာစကားမှာ အသံဝါ၊ အသံပြာ၊ အသံနက် စတဲ့ အသံရဲ့အရည်အသွေးကို ဖော်ပြတဲ့စကားလုံးတွေရှိပါတယ်။ "မောင်မောင်က သီချင်းကို အသံဝါကြီးနဲ့ ဟစ်ဆိုတယ်။ သူ့ အသံက ပြာတာတာနဲ့။ အသံပြာအောင် ကုန်းအော်တယ်။ သူက နှာသံကလေးနဲ့ သီချင်းဆိုသွားတယ်။ သူကကျတော့ အာသံနဲ့ ဆိုတယ်။ သူ့ အသံက စူးတယ်။ သူကျတော့ အသံက ပြာတာတာ ဖြစ်ရုံမက အက်ကွဲသံပါနေတယ်။ ဒီမမအသံက ချိုတယ်" စသည်တို့ဟာ အသံအရည် အသွေးကို ဖော်ပြတဲ့ စကားအချို့ပါပဲ။

အနုပညာဖန်တီးရာမှာ အနုပညာအလျောက် အသုံးချရတဲ့ပစ္စည်းကွဲပြားတယ်။ ပန်းချီ အနုပညာ အတွက် ပန်းချီဆေးနဲ့စုတ်တံကို အသုံးပြုရတယ်။ ပန်းပုပညာအတွက် သစ်သားတုံးနဲ့ စူး၊ ဆောက် တို့ကို အသုံးပြုရတယ်။ ပန်းတော့ပညာအတွက် အင်္ဂတေနဲ့သန်လျက်ကို သုံးရတယ်။ ကဗျာဖန်တီးဖို့ အတွက် ဘာကိုသုံးသလဲ။

### မှတ်သားရန်

ကဗျာဖွဲ့ဆိုရန် စကားသံများကို အသုံးပြုကြရသည်။

## အခန်း ၃

## နရီ

ကဗျာဆိုတာ တို့အားလုံးနဲ့ရင်းနှီးကြပြီးသား။ လူတိုင်းဟာမွေးကတည်းက ကဗျာနဲ့ကြီးပြင်းလာကြရတယ်။ ဘယ်လိုဘယ်ပုံလဲ။ ငယ်ငယ်က တို့လူကြီးမိဘတွေ လုပ်သလို "ချိုမိုင်မိုင် ကဗျာ"ကို လက်ခုပ်တီးပြီး ဆိုကြည့်ကြရအောင်။ မျဉ်းသားထားတဲ့ စကားလုံးတွေ ရွတ်တဲ့အခါမှာ လက်ခုပ်တီးပါ။

ချိုမိုင်မိုင်

ချိုမိုင်မိုင်

ချို့ ချိုမိုင်မိုင်

နောက်တစ်မျိုး "တူတူရေဝါးကဗျာ"

တူတူရေဝါး

တူတူရေဝါး

တူ . . . ဝါး

တူ . . . ဝါး

နောက်တစ်မျိုး "ရွှေလက်ခုပ်ကဗျာ"

ရွှေလက်ခုပ် ရွှေလက်ခုပ်

ရွှေလက်ခုပ် အုပ်ကာတီး

ပျော့သီးမှည့်မှည့် စားရအောင်

နောက်တစ်မျိုး "ရပ်နိုင်ပေ့ကဗျာ"

ရပ်နိုင်ပေ

ရပ်နိုင်ပေ့

ရပ်နိုင်ပေ

ရပ်နိုင်ပေ့

DBE BOX - Copyright Protected

တို့တစ်တွေ လက်ကလေး ဆုပ်ချည်ဖြန့်ချည်လုပ်နိုင်တဲ့အရွယ်၊ တခစ်ခစ်ရယ်မောပြီး ကစားတတ်တဲ့အရွယ်၊ နို့ရည်အပြင် တခြားအစာတွေစပြီး ခွံ့ကျွေးခံတဲ့အရွယ်၊ လေးဖက်တွားသွားရာက မတ်တတ်ထစမ်းတဲ့အရွယ် ကလေးရဲ့ဖွံ့ဖြိုးမှုအဆင့်တိုင်းမှာ 'ကဗျာ' လေးတွေ နားရည်ဝစေခဲ့တယ်။ ကဗျာတွေ ရွတ်တဲ့အခါမှာလဲ လက်ခုပ်တီးပြီး နရီ စည်းဝါးသဘောကိုခံစားစေခဲ့တယ်။ မွေးကတည်းက ကဗျာသဘောတွေ၊ နရီသဘောတွေ 'သိ' လာခဲ့ကြတယ်။ ခံစားတတ်လာတယ်။

ကဗျာနရီစည်းချက် နေရာလေးတွေမှာ လက်ခုပ်တီးရင်း နရီ၊ စည်းဝါးသဘောကို လက်တွေ့ခံစားကြည့်ကြရအောင်။

## ပန်းသည်

မောင်လေးရေ ထပါတော့
ရောင်နီလာလှပြေါ့။
တစ်ကျော့ နှစ်ကျော့ တောကိုသီ
ငှက်ကျားနှုတ်ပလီ
တောင်ဆီနားကခရေပန်း
ပင်အောက်ကြိုင်လို့လန်း
ဗန်းလေးယူခဲ့ မောင်လေးရယ်
သွားကောက်ချေစို့ကွယ်
ပန်းသည်လုပ်စို့ တပြုံးပြုံး
ပန်းတွေ တကုံးကုံး။

(မင်းသုဝဏ်)

### သပြေသီးကောက် (၁ ပုံမှန်)

ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်
ခရာဆူးချုံ ဟိုအထဲက
မျှော့နက်မည်းကြီး တွယ်တတ်တယ်
မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့
မြွေနဂါးတောင် ကြောက်ဘူးကွယ်
တို့လဲကြောက်ပေါင် အတူသွားစို့
အုန်းလက်နွှားလေး ထားခဲ့မယ်
သွားကွယ် သွားကွယ်။

### သပြေသီးကောက် (၂ အနေး+အမြန်)

ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်
ခရာဆူးချုံ ဟိုအထဲက
မျှော့နက်မည်းကြီး တွယ်တတ်တယ်
မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့
မြွေနဂါးတောင် ကြောက်ဘူးကွယ်
တို့လဲကြောက်ပေါင် အတူ သွားစို့
အုန်းလက်နွှားလေး ထားခဲ့မယ်
သွား ကွယ် သွား ကွယ်။

(မင်းသုဝဏ်)

**မှတ်သားရန်**

ကဗျာများတွင် နရီ၊ စည်းဝါး အသီးသီးရှိကြသည်။
လက်ခုပ်တီးသည့်နေရာသည် နရီ၊ စည်းဝါး တစ်ဖြတ်စာဖြစ်သည်။
လက်ခုပ်အနှေးအမြန်ပေါ်မူတည်ပြီး နရီအနှေးအမြန်အသွက်ကွာခြားသွားသည်။
ကဗျာအကြောင်းအရာပေါ်မူတည်ပြီး နရီအနှေးအမြန်ကို ချင့်ချိန်သီဆိုကြရန် ဖြစ်သည်။

DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ အောက်ပါကဗျာများ၏ ပုံမှန်နရီစည်းချက် ရှာပေးပါ။ ပုံမှန်၊ နှေး၊ မြန်၊ ဆုံးဖြတ်ကြည့်ပါ။

### ၁။ မနီကလေး

မနီကလေး၊ ဘယ်ကလာ
အိမ်ကထွက်လို့လာ။
အိမ်ကထွက်လို့၊ ဘယ်ကိုသွား
စာသင်ကျောင်းကိုသွား။
စာသင်ကျောင်းက ဘာတွေသင်
စာရေးစာဖတ်သင်။
စာရေးစာဖတ်၊ ဘာလုပ်ဖို့
မနီကလေးလိမ္မာဖို့။

(တင်မိုး)

### ၂။ ယောက်ျားတံခွန်

ကောင်းကင်ပေါ်မှာ ကြယ်တွေထွက်တော့
မောင်မောင်တက်လို့ ခူးချင်တယ်။
အပြန်လမ်းမှာ ကြယ်တွေဝေ့လို့
မေမေဖို့လဲ ယူခဲ့မယ်။
ကောင်းကင်ဆိုတာ အလွန်ဝေးတော့
လူလေးတက်ရောက်ဖို့မလွယ်။
ယောက်ျားတံခွန် သတ္တိဖွဲ့နဲ့
မိုးစွန်ကြယ်လဲ ယူနိုင်တယ်။
မောင်မောင့်ကိုသာ ခွင့်ပေးပါတော့
ကြယ်ကလေးတွေခူးပေးမယ်။
ခူးပေးမယ်၊ ခူးပေးမယ်။ ။

(မောင်သက်ကြူ)

DBE BOX - Copyright Protected

## ၃။ ဝိုင်းကြီးပတ်ပတ်

ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ
ကစားကြမယ်လေ။
ကြယ်တွေ လတွေကမ္ဘာပတ်
နေက မားမားရပ်။
နေလုံးကြီးက အလယ်လူ
ဖိုးသာဝနဲ့တူ
ကြယ်ဖြူဖြူနဲ့ကမ္ဘာက
တို့နဲ့တူညီမျှ။
ကစားကြစို့ တို့တစ်တွေ
ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။
ကြယ် လ ကမ္ဘာတွေ နေကိုပတ်
ဝိုင်းကြီးပတ်ပတ် တို့မရပ်။ ။

**(မမြတ်မွန်)**

## ၄။ အရုပ်မျိုးစုံ

ချိုးရုပ်လေးနဲ့ ကျားရုပ်လေး
မေမေဈေးက ဝယ်လို့ပေး။
ပစ်တိုင်းထောင်လေး ချစ်စရာ
ဒေါ်လေးယူလို့လာ။
ဖေဖေပေးတာ မြင်းဖြူရုပ်
ဆွဲလိုက်ရင် တလှုပ်လှုပ်။
နွားရုပ်လေးတော့ ရွံ့နဲ့ကွယ်
သားသားလုပ်ပါတယ်။
ချစ်စဖွယ်အရုပ်များ
သားသား ဆော့ကစား။ ။

**(မင်းယုဝေ)**

DBE BOX - Copyright Protected

## ၅။ တို့ကျောင်း

ပန်းကလေးများ ပွင့်တော့မည်၊
ဖူးတံဝင့်လို့ချီ။
နေခြည်မှာ ရွှေရည်လောင်း၊
ငါတို့စာသင်ကျောင်း။

(ပျဉ်းမနားမောင်နီသင်း)

DBE BOX - Copyright Protected

## အခန်း ၄
## ကာရန်

ဖော်နိုင်ကြသလား။ လျှို့ဝှက်စကား

နအေ ကအောင်း လအား။

လအာ ခအဲ့ ပအာ အအုံး။

ဘအော လအုံး ကအန် မအယ်။

လျှို့ဝှက်အဖြေ

န+အေ =နေ

က+အောင်း=ကောင်း

လ+အား=လား

နေကောင်းလား။

### လေ့ကျင့်ခန်း

သာဓကကို ကြည့်ပြီး ကိုယ်တိုင် လျှို့ဝှက်စကားတွေ ပြောရအောင်။

သာဓက–

လ + အာ =လာ

ခ + အဲ့ =ခဲ့

ပ + အာ =ပါ

အ + အုံး =အုံး

လာခဲ့ပါအုံး။

စားကြမယ် – ဆိုတာကို ရေးကြည့်ပါ။

အိမ်ပြန်ပြီလား – ဆိုတာကို ရေးကြည့်ပါ။

မိုးစင်စင်လင်းပြီ – ဆိုတာကို ရေးကြည့်ပါ။

DBE BOX - Copyright Protected

ကာရန်ရဲ့ အကြောင်းကို ဆက်ပြီး ရှင်းပြမယ်။

| | | |
|---|---|---|
| အစဗျည်းသံ | + | အဆုံးသရသံ |
| ဘ | + | အော |
| လ | + | အုံး |
| က | + | အန် |
| မ | + | အယ် |

ဘောလုံးကန်မယ်။

အဆုံးသရသံကို ကာရန်ဟုခေါ်သည်။

ဘော - အော ကာရန်

လုံး - အုံးကာရန်

ကန် - အန်ကာရန်

မယ် - အယ်ကာရန်

စကားလုံးတိုင်းရဲ့ အဆုံးသံဟာ ကာရန်ပါပဲ။ ဒါပေမဲ့ ကဗျာမှာတော့ တုန်း၊ အုံး စတဲ့ အုန်းကာရန် ၂လုံး၊ တိုင်း၊ ရိုင်း၊ လှိုင်း စတဲ့ အိုင်း ကာရန် ၃ လုံးဆင့်ညီမှသာ ကာရန်နေရာလို့ သတ်မှတ်ကြတယ်။

## လေ့ကျင့်ရန်

၁။ အောက်ပါတို့၏ကာရန်ကိုပြောပါ။

သာဓက–

(က) ခြေ - အေကာရန်

(ခ) မှန် - အန်ကာရန်

| | |
|---|---|
| ၁။ စိန် | ၆။ မောင် |
| ၂။ နီ | ၇။ ဖုံး |
| ၃။ တော် | ၈။ တိပ် |
| ၄။ လူ | ၉။ ငှက် |
| ၅။ ခင် | ၁၀။ လှေ |

DBE BOX - Copyright Protected

၂။ ကာရန်တူများကို မျဉ်းသားပြပါ။ မည်သည့်ကာရန်ဖြစ်ကြောင်းလည်း ဖော်ပြပါ။

**သာဓက–**

ကြိုး<u>စား</u>က ဘု<u>ရား</u>ဖြစ်နိုင်သည်။ (အား ကာရန်)

(၁) လူမိုက်နှင့်ငွေ အတူမနေ။

(၂) ပညာလို အိုသည်မရှိ။

(၃) အကြံကုန် ဂဠုန်ဆားချက်။

(၄) ငုံးဆူ လူမသိ။

(၅) ပညာရွှေအိုး လူမခိုး။

(၆) မေးဖန်များ စကားရ။

(၇) ကျီစားသန် ရန်ဖြစ်။

(၈) ဆရာမပြ နည်းမကျ။

(၉) ပညာရဲရင့် ပွဲလယ်တင့်။

(၁၀) ရိုးရိုးကျင့် မြင့်မြင့်ကြံ။

**မှတ်သားရန်**

အဆုံးသရသံများကိုကာရန်ဟုခေါ်သည်။ ကာရန်တူ ၂ ချက်၊ ၃ ချက် ရှိမှ ကာရန်နေရာဖြစ်သည်။

DBE BOX - Copyright Protected

## အခန်း ၅
## ဆောင်ပုဒ် (လင်္ကာ)

အမှောင်ခွင်း၍ အလင်းဆောင်အံ့။

ရှောင်လေဝေးဝေး မူးယစ်ဆေး။

ရဲသော်မသေ သေသော်ငရဲမလား။

ဒီစာတန်းတွေက အဖွဲ့အစည်းတစ်ခုရဲ့သဘောထား၊ လူအများအတွက် တိုက်တွန်းချက်တွေကို ဖော်ပြတဲ့ "ဆောင်ပုဒ်လင်္ကာ" တွေပဲဖြစ်တယ်။

DBE BOX - Copyright Protected

၁။ အထက်က ဆောင်ပုဒ်တစ်ခုစီမှာ

(က) ကာရန်တူစကားလုံး နှစ်ခုစီကို မျဉ်းသားပြပါ။

(ခ) နရီချက်နှင့် လက်ခုပ်တီးဆိုပါ။

(ဂ) စာတစ်ကြောင်းကို နရီအရ နှစ်ပိုင်းပိုင်းကြည့်ပါ။

(ဃ) တစ်ပိုင်းစီတွင် စာလုံးရေမည်မျှပါသလဲ။

၂။ လိုအပ်သလိုဖြည့်စွက်ပါ။

(က) စည်းကမ်းလိုက်နာ - - - ။

(ခ) - - - - လူမခိုး။

(ဂ) - - - - ချစ်လျှင်အကျိုး။

(ဃ) လူသစ်တည်၍ - - - အံ့။

(င) သစ်တောနဲ့သစ်ပင် - - - တဲ့ လူမျိုး။

၃။ ဆောင်ပုဒ်လင်္ကာတို့၏ စာလုံးရေနှင့် ကာရန်အနေအထားကို လေ့လာအတုယူ၍ ကိုယ်တိုင် ဆောင်ပုဒ်လင်္ကာနှစ်ခုရေးပါ။

၁။ ဆေးလိပ်ဆန့်ကျင်ရေး

၂။ ကျောင်းသန့်ရှင်းရေး

စာလုံးရေ ၁၅ လုံး ၁၆ လုံးခန့်အတွင်း ရှိကြတယ်။ ကာရန်သဘော သို့မဟုတ် အလင်္ကာသဘောပါတယ်။ ယနေ့လက်ငင်း မနက်ဖြန် အကြွေးဆိုတဲ့ဆောင်ပုဒ်မှာ ကာရန်မပါပေမဲ့ ဝက်ဝုတ္တိအလင်္ကာပါတယ်။ ဆောင်ပုဒ်တွေဟာ အတိုဆုံး အရှင်းဆုံးနဲ့ ပြောလိုတဲ့အချက်တွေကို မှတ်မိသွားအောင်လုပ်ရတာမို့ စကားလုံးရွေးတတ်ဖို့လိုသလို စိတ်ဝင်စားဖို့လဲကောင်းတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့ဆောင်ပုဒ်တွေကို ကိုယ်တိုင်ဖန်တီးဖို့ ကြိုးစားကြရအောင်။

၁။ မင်းတို့ကြားဖူးတဲ့ ဆောင်ပုဒ် ၃ ခုစီရေးပြပါ။

DBE BOX - Copyright Protected

## ပြန်လှန်လေ့ကျင့်ခန်း

၁။ အောက်ပါကဗျာနှစ်ပုဒ်၏ နရီစည်းဝါးကို လက်ခုပ်တီးပြီး ရှာပေးပါ။ မည်သည့်ကဗျာ၏ နရီစည်းဝါးသည် နမူနာပြကဗျာတစ်ပုဒ်ဖြစ်သည့် ပန်းသည်ကဗျာ၏ နရီစည်းဝါးနှင့် တူပါသနည်း။

### ဖိုးသာထူး

ဖိုးသာထူး . . . ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး။
ဖိုးသာထူးက ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။
တူပါသကွဲ့ မယုံငြား
သည်မှာကြည့်ပါလား။

(မောင်ဖြူး)

### မိုးကြိုတေး

ငွေမိုးရယ် ရွာပါတော့
ရေကြည်လိုလှပေါ့။
တစ်ကျော့နှစ်ကျော့ ထပ်ကာဆို
မြက်ခြောက် ဟစ်လို့ငို။
တေးချိုပါတဲ့ ကိုရွှေဖား
အုံးအင် မြည်လို့ကြား။
ပင်ဖျားထက်က ဖူးတံဖြာ
ပိတောက် မြဝတ်လှာ။
မိုးရွာပါမှ ရွှေလိုဝင်း
ရွာပေါ့ ခုချက်ချင်း။

(ငွေတာရီ)

DBE BOX - Copyright Protected

၂။ အောက်ပါကဗျာတွင် မည်သည့်ကာရန်တူများကို တွေ့ရသနည်း။ ကွင်းဝိုက်ပြပါ။

**ကိုရွှေဖား**

ညီညီ့နားမှာ စိမ့်စိမ့်ယို

သူ့တေးသံချိုချို။

မြက်စိုစို ကြိုအကြား။

တေးရှင်ကိုရွှေဖား ။

မြသားလက်လက် ရေအိုင်ညို

သူ့တေးငံ့လို့ဆို။

ရေညိုညို မှန်အလား

တေးရှင်ပီတိပွား။

(မင်းသုဝဏ်)

၃။ အောက်ပါကဗျာမှ လုံးထပ်ယူသွားသည့် ကာရန်များကို ဖော်ပြပါ။

**ညီမလေး**

ညီမလေးထထ

ဩကာသ ဆိုဆို

ချိုချိုရေ သောက်သောက်

အောက်ထပ်ကို သွားသွား

မော်တော်ကားပေါ် ထိုင်ထိုင်

ဒရိုင်ဘာ ခေါ်ခေါ်

လမ်းပေါ်ကို မောင်းမောင်း

ကျောင်းဖွင့်ချိန် နီးနီး . . .

(စဥ့်ကူလုမော်)

၄။ အောက်ပါအကြောင်းအရာများကို ဆောင်ပုဒ်ရေးကြည့်ပါ။

(၁) စည်းလုံးညီညွတ်လျှင် အောင်မြင်မှုများကိုရနိုင်သည်။

(၂) စာသင်ကျောင်းများသည် အမျိုးသားစည်းကမ်း၏ အစပျိုးရာဖြစ်သည်။

# အခန်း ၆
# သံပေါက်လင်္ကာ

အစ လေးလုံး

အလယ် သုံး

အဆုံး ငါး ခုနစ်။

ဒါက သံပေါက်အကြောင်း ရေးဖွဲ့ထားတဲ့ သံပေါက်လင်္ကာလေးပါ။ ရှေးအင်းဝခေတ်ကတည်းက ရှိခဲ့တဲ့ကဗျာ၊ ဧချင်း၊ မော်ကွန်းစတဲ့ကဗျာရှည်ကြီးတွေရဲ့အဆုံးမှာ ကဗျာကြီးတွေရဲ့ရွတ်ဆိုပုံနဲ့ မတူဘဲ ဖောက်ပြီးထည့်ထားတဲ့ ကဗျာမျိုးမို့ သံဖောက်လို့ခေါ်ရာမှ ယနေ့သံပေါက်ဖြစ်လာတယ်လို့ ယူဆကြတယ်။ အပေါ်က သံပေါက်လင်္ကာရဲ့ အဓိပ္ပာယ်ကတော့ သံပေါက်လင်္ကာဟာ “အစပဒမှာ စာလေးလုံးပါရမယ်။ အလယ်ပဒမှာ စာသုံးလုံးနဲ့ အဆုံးပဒမှာ စာငါးလုံး သို့မဟုတ် စာခုနစ်လုံးပါနိုင်တယ်”လို့ ဆိုလိုတယ်။

“ပဒ=ကဗျာလင်္ကာတွင် စကားလုံး လေးလုံး၊ ငါးလုံးစသည်ဖြင့် ပိုင်းခြားထားသောအစု”လို့ ခရီးဆောင်မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။

သံပေါက်လင်္ကာမှာ သုံးပဒရှိရမယ်။

စာလုံး သို့မဟုတ်အသံ- ပထမပဒမှာ လေးလုံး/လေးသံ

ဒုတိယပဒမှာ သုံးလုံး/သုံးသံ

နောက်ဆုံးပဒမှာ ငါးလုံး/ငါးသံ သို့မဟုတ် ခုနစ်လုံး/ခုနစ်သံ ရှိရမယ်။

❖ ငါးမည်ရွှေကြာ၊ ခက်ညွန့်ဖြာ၊ ကြိုးကြာကိုလည်းရစ်ရမည်။

❖ မိုးပေါ်မှာကြယ်၊ လွန်ဆန်းကြယ်၊ စင်ကြယ်ကိုလည်းရစ်ရမည်။

အဲဒီ သတ်ပုံသံပေါက်တွေမှာ ပဒနဲ့စာလုံးရေကို တွက်ကြည့်ပါ။ ပဒသုံးခုစီရှိတာ တွေ့ရမယ်။ စာလုံးရေက ၄- ၃- ၇ ဖြစ်နေတယ်။ အစလေးလုံး၊ အလယ်သုံး၊ အဆုံး ငါး၊ ခုနစ် သံပေါက်မှာ ပါတဲ့ တတိယပဒမှာ ခုနစ်လုံးနဲ့ချတဲ့ သံပေါက်နမူနာလေးပါ။ ကာရန်စကားလုံးတွေ ကြည့်ကြရအောင် အစလေးလုံး၊ အလယ်သုံး၊ အဆုံး ငါး၊ ခုနစ် ဆိုတာမှာ အုန်းကာရန်သုံးခု တူတာ တွေ့ရမယ်။

အစလေးလုံး

အလယ်သုံး

အဆုံး ငါး၊ ခုနစ်။

ငါးမည်ရွှေကြာ သံပေါက်မှာ အာကာရန်သုံးလုံးတူနေတာကို တွေ့ရမယ်။

ငါးမည်ရွှေကြာ

ခက်ညွန့်ဖြာ

ကြိုးကြာကိုလည်းရစ်ရမည်။

မိုးပေါ်မှာကြယ် သံပေါက်မှာ ကြယ်ဆိုတဲ့ အယ်ကာရန်သုံးလုံးတူနေတာကို တွေ့ရမယ်။

မိုးပေါ်မှာကြယ်

လွန်ဆန်းကြယ်

စင်ကြယ်ကိုလည်းရစ်ရမည်။

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| အ | စ | လေး | လုံး |
| အ | လယ် | သုံး | |
| အ | ဆုံး | ငါး | ခုနစ် |

DBE BOX - Copyright Protected

ဒီဇယားမှာ ဘယ်စာတိုင်က စကားလုံးတွေဟာ ကာရန်တူသလဲ။

ပထမပဒမှာ နံပါတ် ၄ စာတိုင်

ဒုတိယပဒမှာ နံပါတ် ၃ စာတိုင်

တတိယပဒမှာ နံပါတ် ၂ စာတိုင်

ဒီစာတိုင်တွေက စကားလုံးတွေဟာ ကာရန်တူနေတယ်။ ဒီလိုတူနေတာကို သူတို့ရဲ့နေရာကို အစွဲပြုပြီး ၄-၃-၂ ကာရန်လို့ ခေါ်ကြတယ်။

## လေ့ကျင့်ခန်း

၁။ အောက်ပါကဗျာကို ဇယားကွက်အတွင်းထည့်၍ ကာရန်ရှာကြည့်ပါ။ မည်သည့်ကာရန်စနစ်ကို အသုံးပြုထားသနည်း။

**မသိကဗျာ**

ဖွဲ့နွဲ့ရေးစီ၊ ကဗျာသီ

မေ့ဆီပေးလိုက်ရာ။

သံချိုစပ်လား၊ တေးထပ်လား
မေကားမသိပါ။
ဖတ်ကြည့်ပြန်လျှင်၊ သူ့စာယဉ်
မေ့တွင်မရှင်းပါ။
ချစ်ပါကြောင်းလား၊ မုန်းကြောင်းလား
မေကားမသိပါ။

(ငွေတာရီ)

၂။ အောက်ပါ သံပေါက်ကဗျာများကို ကာရန်ရှာပေးပါ။

(၁) ပိန်းကောလေ့ငယ်၊ မြစ်ပင်လယ်၊ အလွယ်မကူးသာ။

(၂) နွမ်းလည်းနွမ်းနယ်၊ ဟင်းနုနယ်၊ သိပ်နယ်မချက်ရာ။

(၃) ရွှေကြာပဒုံ၊ ပွင့်ဝါငုံ၊ ထုံထုံသင်းပျံ့မွှေး။

(၄) ဖြိုးဖြိုးလုံးလုံး၊ အညီကုံး၊ ကြက်ရုန်းသဇင်ပန်း။

(၅) ရေပူရေချမ်း၊ ငါ့ကိုကမ်း၊ လှမ်း၍မသောက်နိုင်။

(၆) ခက်ခက်ထန်ထန်၊ အတန်တန်၊ စောင်မာန်ကြောက်ဖွယ်သာ။

(၇) ဆွမ်းကျွေးအမှန်၊ ပင့်ဖိတ်မန်၊ နက်ဖြန်ကြွခဲ့ပါ။

(၈) ပညာရှိငြား၊ ထိုသူအား၊ ညာထားကိုးကွယ်လေ။

(၉) တန်ခူးလည်းကုန်၊ လကဆုန်၊ လေမုန်တိုင်းအေးအေး။

(၁၀) ခြေနင်းဖိနပ်၊ ခြေတွင်တပ်၊ စီးစွပ် သွားသောခါ။

၃။ အောက်ပါသံပေါက်များတွင် မှားသောနေရာများကို ပြင်ပေးပါ။

(၁) စာကျက်ကြပါ
ညအချိန်
သာယာကြည်နူးဖွယ်။

DBE BOX Copyright Protected

(၂) ငွေကြယ်ဖြူဖွေး
ဆွတ်လို့ယူ
ဘယ်သူဖြစ်သနည်း။

(၃) မိုးကလဲသဲ
ထီးမပါ
စိုရွှဲနေတော့တာ။

၄။ အောက်ပါတို့ကို သံပေါက်ဖြစ်အောင် ဖြည့်၍စပ်ပါ။

(က) မြသားကောက်ပင်
လယ်ယာပြင်
- (+) - - -။

(ခ) ညောင်ရွက်လေချို
- - (+)
မပီဝိုးတဝါး။

(ဂ) - - - (+)
ရွာသည့်မိုး
ပြည်ကျိုးအတွက်ပါ။

DBE BOX - Copyright Protected

**မှတ်သားရန်**

> အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါး-ခုနစ်၊
> အတိုချုပ်ကျစ်၊ ဆောင်ရန်ဖြစ်၊ မှတ်လစ်သံပေါက်ဖြင့်။

## အခန်း ၇
## သုံးကြောင်းကဗျာ

### ညဥ့်

မှိန်ချည်လင်းချည်

သူပလီသည်

ယာဆီတဲက မီးအိမ်လေး။

(နေရန်နိုင်)

သုံးကြောင်းကဗျာ နမူနာတစ်ခုဖြစ်တယ်။ ရေးဖွဲ့လိုတဲ့ "အာဘော်"ကို သုံးပဒ၊ စာသုံးကြောင်းနဲ့ပြည့်စုံအောင် ရေးဖွဲ့ရလို့ "သုံးကြောင်းကဗျာ" အမည်ရသွားတယ်။

ဒီကဗျာမှာ နရီ၊ စည်းဝါး ရှိတယ်။ လက်ခုပ်တီးပြီး ရွတ်ဆိုကြည့်ပါ။

ဒီကဗျာမှာကာရန်ပါတယ်။ သုံးပဒကို ချည် - လီ- ဆီ ဆိုတဲ့ အီကာရန်သုံးချက်နဲ့ ချိတ်ဆက်ဖွဲ့ထားတယ်။ ကာရန်စကားလုံးအနေအထားအရ ၄-၃-၂ ကာရန် ဖြစ်ကြောင်းတွေ့ရတယ်။

ဒါတွင်မက ဒီကဗျာမှာ"ခေါင်းစဉ်"လဲပါသေးရဲ့။ ခေါင်းစဉ်ဆိုတာပေါ့ပေါ့တွေးရင် ဒီ ကဗျာအတွက် အမည်နာမတစ်ခုပဲ။ ဒါပေမဲ့ နာမည်သက်သက်တော့မဟုတ်သေးဘူး။ ဒီကဗျာကို ကိုယ်စားပြုတဲ့သဘောတစ်ခုခုပါရှိနေတယ်။ ကဗျာရဲ့ခေါင်းစဉ် "ညဥ့်"ဟာ လသာနေတဲ့ ညမဟုတ်ဘူးဆိုတာခံစားသိရှိနိုင်တယ်။ အမှောင်ထုဖုံးနေတဲ့ညထဲမှာ ယာတဲတစ်ခုက မှိန်ချည်လင်းချည်ဖြစ်နေတဲ့ မီးအိမ်ကလေး။

အမှောင်ထုညရဲ့နောက်ခံကြောင့် မီးအိမ်ကလေးရဲ့ အလင်းရောင် ထင်ရှားပေါ်လွင်လာရတယ်။ အတိုချုံးပြီး ပြောမယ်ဆိုရင် "နောက်ခံအခြေအနေဟာ တချို့အကြောင်းအရာတွေကို ပိုမိုထင်ရှားလာစေတယ်"လို့ပြောချင်တာဟာ ကဗျာရဲ့အာဘော်ပဲလို့ ယူသော်ရကောင်းပါတယ်။

ခေါင်းစဉ်က အာဘော်ကို ဖော်ထုတ်နိုင်ဖို့ သဲလွန်စပေးတယ်လို့ ဆိုနိုင်ပါတယ်။

ကဗျာအာဘော်က ဘာလဲလို့ ရှာဖွေတုန်းက ရင်တဖိုဖိုခံစားရတာကိုရော၊ ရှာဖွေတွေ့ရှိတဲ့အခါ ကျေနပ်နှစ်သက်သွားတာကိုရော ကဗျာရဲ့ "အရသာ"လို့ မယူဆနိုင်ဘူးလား။

ဒီအရသာတွေကို မျှဝေခံစားစေချင်တာကို ကဗျာရှင်ရဲ့ စေတနာလို့ မယူဆနိုင်ဘူးလား။

DBE BOX - Copyright Protected

**လေ့ကျင့်ခန်း**

၁။ အောက်ပါသုံးကြောင်းကဗျာများကို လိုက်ဖက်သည့်ခေါင်းစဉ်တပ်ပေးပါ။

(က) ပုစွန်ကတူး
ငါးမနူးလည်း
ချစ်ဦးချက်၍ မြိန်လှသည်။
(မောင်မြင့်ကြည်)

(ခ) နေပူလေပူ
ရင်ပူပူမှာ
ပန်းဖြူဖြူလေး လှုလိုက်တယ်။
(မောင်ပန်းမွေး)

(ဂ) အချစ်များ ပိုကာရယ်
အပြစ်များ မဆိုပါကွယ်
ချစ်မြဲချစ်တဲ့ သူပါတကယ်။
(မအူပင်)သိန်းစိုးလေး

၂။ အောက်ပါကဗျာများ၏ ကာရန်ကို ရှာပေးပါ။

(က) အိပ်မက်၌ပင်
စိမ်းရုပ်ဆင်သည်
သခင် မုန်းနိုင်ဘိတကား။
(မင်းသုဝဏ်)

(ခ) လွယ်အိတ်သခင်
ပန်းသခင်ကို
ခင်မင်တွယ်တာနေမိပြီ။
(မောင်ပန်းမွေး)

DLE BOX - Copyright Protected

(ဂ) ထာဝရ အပါး

ဘာမှ မခြားဘဲ

ကာလများစွာ ရှိချင်တယ်။

**မောင်လှမျိုး(ချင်းချောင်းခြံ)**

၃။ အောက်ပါ ကဗျာများ၏ နရီ၊ စည်းဝါးကို ရှာပေးပါ။

(က) ဆေးလိပ်လည်းတို

နေလည်းညိုပြီ

ငါ့ကို ပြန်ပို့ကြပါလေ။

**(တင်မိုး)**

(ခ) ကြာတတ်တာတွေ

မကြာစေဖို့

ကြာပန်းလေးတွေ လှူလိုက်တယ်။

**(မောင်ပန်းမွှေး)**

(ဂ) အို . . . သစ္စာတရား

ထို . . . အချစ်ညာသွားလို့

ငို . . . ဖြစ်တာလဲ များခဲ့ပြီ။

**မောင်လှမျိုး(ချင်းချောင်းခြံ)**

DBE BOX - Copyright Protected

**မှတ်သားရန်**

သုံးကြောင်းကဗျာသည် ဖွဲ့ဆိုရန် လွယ်သယောင်ရှိသည်။ သို့သော် နှစ်လိုဖွယ်ဖြစ်အောင် အာဘော်ထိမိရန်လိုသည်။

## အခန်း ၈
## သံချပ်

သံချပ်ကဗျာကို ဘယ်သူရကြသတုံး။ ဆိုပြစမ်းပါ။

ဆရာ/ဆရာမလဲ ဆိုပြမယ်။ လက်ခုပ်ဝိုင်းတီးကြ။

"ဘုန်းတော်ကြီးလို့ သက်တော်ရှည် တို့တစ်တွေ ရေချမ်းအိုးကြီး"

ဆရာက ဆိုပြမယ်။ မင်းတို့ ဝိုင်းဆိုကြ။

အတိုင် – ဘုန်းတော်ကြီးလို့ သက်တော်ရှည်(ရှေ)

အဖောက် – တို့တစ်တွေ ရေချမ်းအိုးကြီး။

သံချပ်ဆိုတာ "အတိုင်အဖောက်" ဆိုကြရတယ်။ အတိုင်အဖောက်ဆိုတာက ရက်ကန်းကလာတဲ့စကား။ ရက်ကန်းမှာ တိုင်ချည်နဲ့ဖောက်ချည် ဆိုတာရှိတယ်။ တိုင်ချည်တစ်လှည့် ဖောက်ချည်တစ်လှည့်စီရက်မှ အကွက်အဆင်ပေါ်လာတယ်။ အတိုင်အဖောက် တစ်လှည့်စီရက်သလို သံချပ်မှာလဲ တိုင်တဲ့သူ တစ်ယောက်ကတိုင်လိုက်ရင် ပြန်သီဆိုမဲ့အဖွဲ့သားတွေက သံပြိုင်ဆိုကြတယ်။

အတိုင် – ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ

အဖောက် – အမောပြေအောင် တိုက်ပါ့မမ။

ဒီသံချပ်ကို လိုက်ဆိုရင်း လက်ခုပ်တီးပြီး ဒီနေရာလေးကို နရီချက်အတိုင်း လက်ခုပ်တီးလိုက်ဆိုပါ။

ကာရန်ယူထားတဲ့ ကာရန်များကို မျဉ်းသားပါ။

ဖန် *ပြာခွက်နဲ့ ကျောက်* စက်ရေ

အ *မောပြေအောင် တိုက်* ပါ့ မမ။

အခုပြတဲ့ စာပိုဒ်မှာ "*" သင်္ကေတနဲ့ ပြထားတဲ့ နေရာတွေဟာ နရီချက် နေရာတွေ ဖြစ်ပြီး မျဉ်းသားထားတာတွေကတော့ "ကာရန်" တွေ ဖြစ်ပါတယ်။

အတိုင် – အကျီပါးနဲ့ ဗိုက်ခေါက်ထူ

အဖောက် – အီးတဘူဘူ ပေါက်တဲ့မိန်းမ။

အတိုင် – မျက်မှန်နက်နဲ့ ဘောင်းဘီတို

အဖောက် – မျောက်စုတ်လိုလို ရှိုးကအပြည့်။

အဲဒီသံချပ်နှစ်ပုဒ်မှာရှိတဲ့ နရီချက်နဲ့ ကာရန်တွေကို ရှာကြည့်ပါ။

သံချပ်ကို ပုံစံချကြည့်မယ်။

**ပဒ**

အတိုင်တစ်ပဒနှင့် အဖောက်တစ်ပဒပေါင်း နှစ်ပဒရှိတယ်။

စာလုံးရေ ပထမ ပဒမှာ ၇ လုံး၊ ဒုတိယပဒမှာ ၈ လုံး ရှိတယ်။

**နရီ** -• - - - -• - -

-• - - - -• - - -

**ကာရန်** - - - - - - + (၇)

- - + - - - - - (၃)

အဲဒီပုံစံအရဆိုရင် သံချပ်စပ်ကြည့်လို့ ရလောက်ပြီ။

**လေ့ကျင့်ခန်း**

၁။ အောက်ပါသံချပ်ကဗျာ၏ ကာရန်ယူပုံစနစ်ကိုဖော်ပြပါ။

(က) မိုးလားကွဲ့ မောင်တို့မောင်တို့၊
လေလားကွဲ့မောင်တို့ မောင်တို့။(သံချပ်အချီ)

(ခ) ဘုန်းတော်ထွန်းလို့ လေးကျွန်းသာ
ရွှေမြို့အောင်ချာ နတ်ရွာအလား။

(ဂ) ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ
အမောပြေအောင် တိုက်ပါ့မမ။

(ဃ) အိုးစည်သားများ ကျက်သရေ
ကမ္ဘာသခင်ျ ပြောလို့မဆုံး။

(င) ရွှေလက်ခုပ် အုပ်ကာတီး
ပျောသီးမှည့်မှည့် စားရအောင်။

(စ) တေဇာဝေဖြာ ကြေညာကျော်
မိုးပေါ်ဘိုးတော် မတဲ့ရပ်သား။

(ဆ) ဟေးလား မောင်တို့ ဝါး။ (သံချပ်အချ)

၂။ ကျောင်းသန့်ရှင်းရေး လုပ်အားပေးပွဲအတွက် သံချပ် ၁၀ ကြောင်းခန့် ရေးစပ်ပါ။

**မှတ်သားရန်**

| |
|---|
| သံချပ်ဆိုသည်မှာ အတိုင်အဖောက် မြိုင်မြိုင်ဆိုင်ဆိုင် မြူးမြူးကြွကြွဆိုရသည့် သီချင်းဖြစ်သည်။ |

DREBOX - Copyright Protected

## အခန်း ၉
## လေးလုံးစပ်လင်္ကာ

### မျက်ဖြေလင်္ကာ

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ
မင်းချမ်းသာကား
သမုဒ္ဒရာ
ရေမျက်နှာထက်
ခဏတက်သည့်
ရေပွက်ပမာ
တစ်သက်လျှာတည်း။

**(အနန္တသူရိယ)**

DBE BOX - Copyright Protected

လင်္ကာဆိုတာ ပြောချင်တဲ့ အကြောင်းအရာကို လေးလုံးတစ်ပဒ ကာရန်နဲ့ချိတ်ဆက်ပြီးဖွဲ့တဲ့ အဖွဲ့မျိုးဖြစ်တယ်။

ပဒ – ၁၁ ပဒ

လုံးရေ – တစ်ပဒ ၄ လုံးစီ

နရီ – ပေါင်ကို လက်ဝါးနှင့်ပုတ်လို့ ဖြစ်ဖြစ်၊ လက်ဖျောက်တီးပြီးဖြစ်ဖြစ် လိုက်ကြည့်ပါ။

**ကာရန်** – ကာရန်ယူထားတဲ့နေရာတွေကို မျဉ်းတစ်ကြောင်းသားပြီး ပုံဖော်ကြည့်ပါ။ ကာရန်တစ်ခု ပြောင်းသွားရင် ပြောင်းသွားတဲ့နေရာမှာ မျဉ်းနှစ်ကြောင်းသားပါ။ နောက်တစ်ကြိမ် ပြောင်းသွားတော့ တစ်ကြောင်းပဲသားပါ။ ကဗျာရှည်လာတဲ့အတွက် ကာရန်က နှစ်ပဒမှာ တစ်ကြိမ် သုံး ပဒမှာ တစ်ကြိမ် အသစ် အသစ် ပြောင်းကြရတယ်။

သာဓက–

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ
- - - -

နောက်တစ်ပုဒ်လုပ်ကြည့်ကြအုံးစို့။
ခုနစ်နေ့ဘုရားရှိခိုးလင်္ကာ
(စနေနေ့)

ဘုရားဖြစ်ခါ
မိဂဒါသို့
စကြာရွှေဖွား
ဖြန့်ချီသွား၍
ငါးပါးဝဂ္ဂီ
စုံအညီနှင့်
မဟီတစ်သောင်း
တိုက်အပေါင်းမှ
ခညောင်းကပ်လာ
နတ်ဗြဟ္မာအား
ဝါဆိုလ(ပြေ့)ပြည့်
စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်
မမွစက်ကို

DBE BOX - Copyright Protected

မိန့်မြွက်ထွေပြား
ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို။

**(လယ်တီဆရာတော်)**

**ပဒ** – ၁၇ ပဒ

**လုံးရေ** – တစ်ပဒ ၄ လုံးစီ၊ အချပဒ ၇ လုံး။

**နရီ** – ပေတံလေးနဲ့ စားပွဲကို ခေါက်ပြီး လိုက်ဆိုကြည့်ပါ။

**ကာရန်** – မျက်ဖြေလင်္ကာအတိုင်း မျဉ်းသားပြီး လေ့လာကြည့်ပါ။

မျက်ဖြေလင်္ကာနှင့် ပဒ အနည်းအများ ကွာခြားတယ်။ ဒါကိုထောက်ပြီး ပဒ အနည်းအများ ကွာခြားခွင့်ရှိတယ်လို့ သိနိုင်တယ်။ လုံးရေ တစ်ပဒ ၄ လုံးစီနှင့် အချပဒမှာ ၇ လုံး ရှိမယ်။ နရီ မထူးခြား။ ကာရန် ၄-၃-၂ ချည်းပဲမဟုတ်တဲ့ ပဒ တချို့လဲ ပါဝင်နေတယ်။ ဒါလောက်ဆိုရင် လေးလုံးစပ်လင်္ကာ လက်တွေ့ဖွဲ့စမ်းကြည့်လို့ရပြီလား။ မရသေးရင် အခက်အခဲရှိတဲ့နေရာ မကျေညက်တဲ့နေရာ ရှာဖွေပြီးထပ်မံစမ်းကြည့်ရင်း ဆရာနဲ့ဆွေးနွေးမယ်။

**မှတ်သားရန်**

လေးလုံးစပ်ရေးဖွဲ့နည်းသည် မြန်မာကဗျာအများစု၏ အခြေခံရေးဖွဲ့နည်းဖြစ်သဖြင့် ကျေကျေညက်ညက် လေ့လာရန်လိုအပ်သည်။ ကာရန်ယူပုံတွင် ၄-၃-၂ သာမက ၄-၃-၁၊ ၄-၁ စသည့်ပုံစံများလည်း ရေးစပ်ကြသည်။

## အခန်း ၁၀
## အချိုးကဗျာနိဒါန်း

တစ်ခါက ဦးမင်းဆိုတဲ့ ပညာရှိနှစ်ဦး ရှိခဲ့ဖူးတယ်။ တစ်ယောက်က ဖိုးသူတော် ဝတ်ဖူးလို့ သူ့ကို "ဖိုးသူတော်ဦးမင်း"လို့ ခေါ်ကြပြီး နောက်တစ်ယောက်ကိုတော့ "လူဦးမင်း" လို့ ခေါ်ကြတယ်။

စာဆိုပညာရှိတွေဆိုတော့ မင်းမိဖုရားများကို ခစားကြရတယ်။ ပူအိုက်တဲ့နွေလရဲ့ လသာတဲ့ ညတစ်ညမှာ မိဖုရားကြီးက လေသာဆောင်မှာ လေညင်းခံရင်း ပဲလှော်လေးဝါးရင်း စံစားသတဲ့။ မောင်းမ အခြွေအရံတွေနဲ့ပေါ့။ တစ်ခါမှာ ပဲလှော်ဝါးနေတဲ့ မိဖုရားကြီးက အမှတ်တမဲ့ အသံမြည်အောင် လေလည်လိုက်တော့ မောင်းမတော်တွေက တခွိခွိနဲ့ ကြိတ်ပြီးရယ်ကြသတဲ့။ မိဖုရားကြီးက ခပ်ရှက်ရှက် အနေခက်သွားတဲ့အခါ တစ်ယောက်သော ပညာရှိက

"ပဲကလေး ဆိမ့်လိုက်တာ၊ ရသာကထူး"

လို့ ကောက်ကာငင်ကာ စာဖွဲ့လိုက်သတဲ့။ သူ့ပါးစပ်က ရွတ်ဆိုလိုက်ကရော နောက်ပညာရှိ တစ်ဦးက တစ်ဆက်တည်း

"ညအခါ လသာသာ မေသုံးတော့၊ လေပုန်းက မြူး"

လို့ စာဖွဲ့လိုက်တော့ အားလုံး ဝါးခနဲ ပွဲကျသွားပြီး မိဖုရားကြီးလဲ အရှက်ပြေသွားရှာတယ်။ ရုတ်ခြည်း စာဖွဲ့ကြတဲ့ ပညာရှိနှစ်ပါးလည်း ဆုတော်လာဘ်တော်များ အသနားခံကြရသတဲ့။

ပညာရှိနှစ်ဦး တစ်ယောက်တစ်ချိုးစီ အအုပ်အခံ စပ်လိုက်တဲ့ ကဗျာလေးဟာ "ခွေးချိုး" ကဗျာပေါ့။ ပထမအချိုးကို 'အခံ' ဒုတိယအချိုးကို 'အအုပ်' လို့ ခေါ်တယ်။ အခုလို နှစ်ပိုင်းခွဲဆိုကြတဲ့ ပုံစံမျိုးကို ရှေ့က သံချပ်ကဗျာတုန်းကလဲ တွေ့ခဲ့ဖူးပြီ။ သံချပ်မှာတော့ 'အတိုင်နဲ့အဖောက်' လို့ ခေါ်ပြီး အချိုးကဗျာမှာတော့ 'အခံနဲ့ အအုပ်' လို့ ခေါ်ကြတယ်။

အချိုးကဗျာကို ပုံစံချမကြည့်ခင် ရင်းနှီးပြီးသား အချိုးကဗျာတစ်ပုဒ်ကို ပြန်စဉ်းစားကြည့်ရင် မူလတန်းဖတ်စာတွေ သင်ခဲ့တုန်းက ရွတ်ဆိုဖို့ သင်ခန်းစာထဲမှာ

ချိုးနှစ်ကောင်

ထနောင်းပင်ညီနောင်က

လွမ်းအောင်ကူချွဲ။

ပန်းတော်ဖြူ
ပင်မြိုက် နေစာထူလှ
ဖိုးတောင်သူတဲ့။

မှတ်မိကြသေးလား။ မမှတ်မိလည်း အခုပြန်ဆိုလိုက်ကြ။ ဒါဟာလဲ ဒွေးချိုးကဗျာတစ်ပုဒ်ပဲ။ ဒွေးချိုးရဲ့ ပုံသဏ္ဌာန်ကို ထုတ်ဖော်ကြည့်ရင်

(၁) "ပဲကလေး ဆိမ့်လိုက်တာ၊
ရသာကထူး။
ညအခါ
လသာသာ မေသုံးတော့၊
လေပုန်းက မြူး။"

အခံပိုဒ် – ၁ ပိုဒ်

အအုပ်ပိုဒ် – ၁ ပိုဒ်

**ပဒ**

အခံပိုဒ်မှာ – ၂ ပဒ

အအုပ်ပိုဒ်မှာ – ၃ ပဒ

**စာလုံးရေ**

အခံပိုဒ် – ၆၊ ၄ လုံး

အအုပ်ပိုဒ် – ၃၊ ၆၊ ၄ လုံး

**နရီ**

ပေတံနဲ့ ရိုက်ချက်ကို လိုက်ဆိုကြည့်

**ကာရန်**

အခံပိုဒ်မှာ – ၆-၂ 'အာ' ကာရန်

အအုပ်ပိုဒ်မှာ – ၃-၂ 'အာ' ကာရန်

၅-၂ 'အုန်း' ကာရန်

DBE BOX - Copyright Protected

အခံအအုပ် – ထူး-မြူး 'အူး' ကာရန်

(၂) ချိုးနှစ်ကောင်

ထနောင်း ပင်ညီနောင်က

လွမ်းအောင်ကူခွဲ။

ပန်းတော်ဖြူ

ပင်မြက်နေစာထူလှ

ဖိုးတောင်သူ တဲ။

အခံပိုဒ် – ၁ ပိုဒ်

အအုပ်ပိုဒ် – ၁ ပိုဒ်

**ပဒ**

အခံပိုဒ်မှာ – ၃ ပဒ

အအုပ်ပိုဒ်မှာ – ၃ ပဒ

**စာလုံးရေ**

အခံပိုဒ် – ၃၊ ၆၊ ၄ လုံး

အအုပ်ပိုဒ် – ၃၊ ၆၊ ၄ လုံး

**နရီ**

ပေတံနဲ့ ရိုက်ချက်ကို လိုက်ဆိုကြည့်

**ကာရန်**

အခံပိုဒ်မှာ – ၃-၅-၂ 'အောင်' ကာရန်

အအုပ်ပိုဒ်မှာ – ၃-၅-၃ 'အူ' ကာရန်

အခံအအုပ် – ခွဲ -တဲ 'အဲ' ကာရန်

နောက်ထပ်လေးချိုးနှစ်ပုဒ်ကို အထက်ပါနည်းအတိုင်း ပုံစံထုတ်ကြည့်ကြရအောင်။

အသားရယ်ဖြူ

လူပေမို့လား။

DBE BOX - Copyright Protected

အသားတော် ညိုပြာညက်
နန်းတော်ထက်ဖွား။

ချစ်ချင်းငယ်ပြိုင်
မြစ်မင်းပိုင် အဏ္ဏဝါနှင့်
မြန်တစ်ရာကဲ၊
ယွင်း၍မသုန်
ငွေဝန်းသော်တာယုန်သို့
ကမ္ဘာကုန်ကျယ်သရွေ့
ဘယ်မေ့လိမ့်မလဲ။

ဒွေးချိုး ၄ ပုဒ် ပုံစံထုတ်ကြည့်ပြီး ဒွေးချိုးရဲ့ ယေဘုယျလက္ခဏာတွေဟာ ဘာတွေလဲလို့ ပြောနိုင်ကြပြီလား။

အဲဒီလက္ခဏာတွေအရ ဒွေးချိုးကဗျာ စမ်းသပ်စပ်ဆိုနိုင်ကြပြီလား။

DRE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ အောက်ပါအချိုးကဗျာများ၏ အချိုးကာရန်များကို ဖော်ပြပါ။

(က) မိုးချုပ်လို့နေရီ
တိမ်နီကဝင်း။
ကိုကြီးကျော်ပြန်မဲ့လမ်းမှာ
ပန်းနံ့ကသင်း။

(ခ) ပျိုလေးရက်တဲ့ ရက်ကန်းစင်
ဘာဆင်လို့မေး၊
မေးပါနဲ့အေ
တို့တစ်တွေ ချွေတာခြင်းကြောင့်
တင်းတိမ်တဲ့လေး။

(ဂ) ဦးကော့လို့ပဲ့ထောင်

ကုန်လှော်လို့ လူစီး၊

ထိုးဝါးကိုကိုင်

ကြိုးဆွဲသူတယိုင်ယိုင်နဲ့

ရွက်တိုင်ကို လေမသိမ်းတယ်

ပိန်းကောမကြီး၊

၂။ အောက်ပါအချိုးကဗျာများ၏ အချိုးသတ်ကာရန် အခံကာရန်နှင့် အအုပ်ကာရန်တို့ကို ဖော်ပြပါ။

နိဗ္ဗာန်ကိုရွယ်

ကယ်ပါတော့လား၊

ရေလယ်မှာ တစ်ကောင်တည်း

ဖော်ကွဲတဲ့ငါး။

၃။ အောက်ပါဒွေးချိုးတွင် အမှားပြင်ပါ။

နွေရာသီ အခါထဲမှာ

အင်ကြင်းတဲ့ ပန်းမာလာ

ဝေလွင်တဲ့တော။

လေပြည်ငယ်ရှင်

အင်ကြင်းပင် မွှေးရနံ့ငယ်

သင်းကြူသာပေ့၊

၄။ အောက်ပါအကြောင်းအရာတို့ကို ဒွေးချိုးတစ်ပုဒ်စီ ဖွဲ့ပြပါ။

(က) မွေးရပ်မြေ

(ခ) အားကစားပွဲ

(ဂ) ပုရစ်ဖူးချိန်

## အခန်း ၁၁
## အသံအရှီအရှ

အခန်း ၂ မှာ အသံရဲ့ စိတ်ဝင်စားစရာကောင်းပုံအကြောင်း တွေ့ခဲ့ကြပြီ။ အသံရဲ့ အရှည်အသွေး အသံဝါ၊ အသံကြောင်၊ အာသံ၊ နှာသံ စသည်ဖြင့် ----

ဒီအခန်းမှာတော့ နေ့တိုင်းပြောနေတဲ့ ဘာသာစကားနဲ့ ဆိုင်တဲ့ အသံအကြောင်းပြောမယ်။ ပထမဦးဆုံး

"အာ အ / အ့ အား အတ်/အပ်"

လို့ သုံးခေါက်ဆိုကြည့်။

ဒီအသံတွေ တစ်သံနဲ့တစ်သံ တူလား မတူဘူးလား။ (မတူပါဘူး)

ဘာအဓိပ္ပာယ်ရှိသလဲ။

ဘာကွာခြားသလဲ။

**အဓိပ္ပာယ်**

အာ = ပါးစပ်အတွင်းပိုင်း

အ = စကားမပြောနိုင်

အား = ဗလ၊ အစွမ်း။

အပ် = ချုပ်စရာ၊ တွယ်စရာပစ္စည်း။

ဘာ အဓိပ္ပာယ်ရှိသလဲဆိုရင် ဒီလိုအဓိပ္ပာယ် အသီးသီးရှိကြတယ်။

ဘာကွာခြားသလဲဆိုရင်တော့ အသံထွက်ချင်း ကွာခြားပါတယ်။ အဓိပ္ပာယ်တွေ ဘာကြောင့် ကွဲပြား သွားရသလဲဆိုရင် ဒီအသံတွေရဲ့ "အနိမ့်အမြင့်"၊ "အတက်အကျ" မတူလို့ပါ။

DBE BOX - Copyright Protected

| ပကတိသံ/ချီသံ | အောက်မြစ်သံ/ချသံ | ဝစ္စပေါက်သံ/ချသံ |
|---|---|---|
| အာ | အ/အာ့/အတ် | အား |
| အီ | အိ | အီး |
| အူ | အု | အူး |
| အေ | အေ့ | အေး |
| အယ် | အယ့်/အဲ့ | အဲ |
| အော် | အော့ | အော |
| အန် | အန့် | အန်း |
| အို | အို့ | အိုး |
| အင် | အင့် | အင်း |

'က်၊ စ်၊ တ်၊ ပ်' အသံတွေကတော့ သံပြတ်/ရပ်သံတွေ ဖြစ်တဲ့အတွက် အနိမ့်အမြင့် မရှိကြဘူးလို့ ယူဆကြတယ်။ ဒါကြောင့် ဒီအသံအုပ်စုကို အနီးစပ်ဆုံး အောက်မြစ်သံအုပ်စုထဲမှာပဲ ထည့်သွင်းတယ်။

အသံအတက်အကျ ကွဲပြားရင် အဓိပ္ပာယ်ကွဲပြားတဲ့ ဘာသာစကားမျိုးကို "တက်ကျသံဘာသာစကား"လို့ ခေါ်ကြတယ်။ ဗမာစကားလိုပဲ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကချင်၊ တရုတ် စတဲ့ ဘာသာစကားတွေဟာလဲ အသံအတက်အကျပြောင်းရုံနဲ့ အဓိပ္ပာယ်ကွဲပြားသွားတဲ့ တက်ကျသံဘာသာစကားတွေ ဖြစ်တယ်။

အခုအပိုင်းမှာတော့ တချို့ကဗျာတွေဖွဲ့တဲ့အခါ 'အချီ၊ အချ' ဆိုတာကို ဂရုပြုပြီး တစ်လှည့်စီဖွဲ့ဖို့ လိုပါတယ်။ ဆရာကြီး မင်းသုဝဏ်ရဲ့ ဝက်ပါကဗျာကို ရွတ်ဆိုကြည့်ရအောင်။

အေးရိပ်သာတဲ့ ပညောင်ညို ('အို' ကာရန် - အချီသံ) ချီသံအလှည့်
ဥဩတွန်သံချို။

တိုးလျှိုစီးတဲ့ နဒီတွင်း ('အင်း' ကာရန် - အချသံ) ချသံအလှည့်
သမင်ရေသောက်ဆင်း။

မြက်ခင်းလဲ့လဲ့ မြေညီညီ ('အီ' ကာရန် - အချီသံ) ချီသံအလှည့်
ကံ့ကော်ဝတ်မှုန်စီ။

ဇာလီပျော်တဲ့ ကျောင်းသခ်မ်း ('အမ်း' ကာရန် - အချသံ) ချသံအလှည့်
လူလေးသွားချင်စမ်း။

အခုလို ချီသံနဲ့ ချသံကိုတစ်လှည့်စီဖွဲ့ဆိုထားတာ တွေ့နိုင်တယ်။

**မှတ်သားရန်**

အထူးသဖြင့် ကလေးကဗျာများတွင် အသံကို အချီအချ တစ်ပိုဒ်စီရေးဖွဲ့လေ့ရှိကြသည်။

DBE BOX - Copyright Protected

## အခန်း ၁၂

## ဝမ်းစာ

"သု စိ ပု ဘာ၊ ဝိ လိ သိ စာ "ကဗျာမှာပါတဲ့ နောက်ဆုံး စာ = စာရေးယျ ဆိုတာ ဆောင်ရာ၏။

မိမိနဲ့ လက်တစ်ကမ်းမှာ မပြတ်ထားရှိစရာကို ဆောင်ထားတယ်လို့ ဆိုလိုတယ်။ ကိုယ်အသုံးလိုမဲ့အရာ၊ နှစ်ခြိုက်တဲ့အရာကို ကိုယ်နဲ့မကွာထားတာမျိုးပေါ့။ ဒီခေတ်မှာ ကိုယ်သိလိုရာကို စာအုပ်ထဲမှာ မှတ်ထားတယ်။ အိမ်ကစာအုပ်စင်မှာ၊ စာကြည့်တိုက်မှာ၊ အင်တာနက်မှာအထိ လိုသလို သုံးနိုင်ဖို့ လုပ်ထားကြတယ်။

ဘယ်လိုပဲဖြစ်စေ ဒီဟာတွေဟာ တစ်ခါတစ်ရံ ကိုယ်လိုချင်တဲ့အချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် လက်လှမ်းမမီဖြစ်တတ်တယ်။ ဒါကြောင့် လောကနီတိဆရာက "ပေစာအုပ်တွင်ရှိသော အတတ်သည် အတတ်မမည်" လို့ ဆိုခဲ့တယ်။ အကောင်းဆုံးကတော့ ဦးနှောက်ထဲမှာ ထည့်ထားနိုင်ရင် အပိုင်ဆုံးပဲ။

ကဗျာရေးသူတိုင်းဟာ ကဗျာတွေရကြတယ်။ ကျက်ထားတယ်ဆိုတာထက် နှစ်သက်မှုနဲ့ အခေါက်ခေါက်အပြန်ပြန်ရွတ်ဆိုရင်းက နှလုံးသားထဲမှာ စွဲသွားတာ၊ အခါမရွေး ပြန်လည်ရွတ်ပြပြီး ကိုးကားနိုင်တယ်။ ကိုယ်နှစ်သက်သလို သူများကိုလဲ နှစ်သက်အောင် ဝေမျှနိုင်ကြတယ်။ အဲဒီလို ကိုယ်အချိန်မရွေး ဖြန့်ဝေနိုင် ကိုးကားနိုင်အောင်ထားတာကို ဆောင်ထားတယ်လို့ ခေါ်တယ်။

ဆောင်ထားတာလေး တဖြည်းဖြည်းများလာတဲ့အခါ စုမိလာတဲ့အခါ စုထားတာလေးတွေကို စာစီကုံးရာမှာဖြစ်ဖြစ် ဆောင်းပါးရေးရာမှာဖြစ်ဖြစ် အကွက်ဆိုက်သလို သုံးလို့ရတာ တွေ့ကြရမယ်။ ပရိသတ်ရှေ့ စကားပြောရာသုံးရင်လဲ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလို့ ပရိသတ်ကို ပိုပြီးဆွဲဆောင်နိုင်မယ်။

လယ်သမားတွေဟာ စိုက်ပျိုးရိတ်သိမ်းလို့ရတဲ့ စပါးတွေကို အကုန်ရောင်းမပစ်ဘဲ လာမဲ့နှစ်မှာ စားသုံးဖို့ စပါးအချို့ကို ချန်ထားကြရတယ်။ အဲ့ဒီ ကိုယ့်အတွက်ချန်ထားပြီး သိုလှောင်ထားတဲ့ စပါးကို "ဝမ်းစာစပါး"လို့ခေါ်တယ်။

အနုပညာလောကမှာလဲ အခြေခံပညာ၊ စုဆောင်းလေ့လာမှတ်သားလို့ တိုးပွားလာတဲ့ ဗဟုသုတပညာနဲ့ အတွေ့အကြုံက ရတဲ့ ဘဝပေးပညာတွေ ပြည့်ဝတဲ့ပုဂ္ဂိုလ်မျိုးကို "ဝမ်းစာ" ပြည့်တဲ့ ပုဂ္ဂိုလ်လို့ အသိအမှတ်ပြုကြတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးက ပန်းချီပညာရှင်ဆိုရင်လဲ ဆေးစက်ကျရာ အရုပ်ဖြစ်တယ်။ သဘင်ပညာရှင်ဆိုရင်လဲ လက်လှုပ်တာက အကဖြစ်တယ်။

ကျောင်းသားတွေလဲ ကဗျာဖွဲ့တတ်အောင် ကြိုးပမ်းရာမှာ အတိုင်းအတာတစ်ခု အထိတော့ ဝမ်းစာရှိထားရမှာ ဖြစ်တယ်။ ဒါ့ကြောင့် နမူနာကဗျာတွေထဲက အကြိုက်ဆုံးကဗျာနှစ်ပုဒ်စီလောက်ကို သင်ထားတဲ့ကဗျာမျိုးစုံအောင် "ဝမ်းစာ"အဖြစ် ဆောင်ထားကြရမယ်။

ဒါအတွက် အထူးမလိုပါဘူး။ သင်ခန်းစာစတိုင်း ဆိုခဲ့ကြတဲ့ကဗျာတွေဟာ ဒီအတွက် လုံလောက်ပါတယ်။ ခုလဲ စုဆောင်းထားတဲ့ ဝမ်းစာကဗျာလေးတွေ ရွတ်ဆိုကြရအောင်။

# ကဗျာဖွဲ့လို့ ဘာအကျိုးရှိမှာလဲ

ဒီမေးခွန်းကို တစ်စုံတစ်ယောက်က မေးလာရင် ဘယ်လိုဖြေမလဲ။ ဒီမေးခွန်းကိုအချက် ၅ ချက်နဲ့ ဖြေနိုင်တယ်။

၁။ "တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ"ဆိုတဲ့ နိုင်ငံတော်သီချင်းမှာ တို့တစ်တွေ နေ့တိုင်း ဟစ်ကြွေးသီဆိုခဲ့ကြတယ်။ တို့ချစ်မြတ်နိုးတာတွေဟာဘာလဲ။ ကမ္ဘာတည်သရွေ့ လုပ်ကိုင်စားသောက်ဖို့ မြေ၊ ရေအရင်းအမြစ်တွေ မြေပေါ်မြေအောက် သယံဇာတတွေ ဘာသာစကား၊ ကဗျာ၊ စာပေအနုပညာယဉ်ကျေးမှုလေ့ထုံးတမ်းတွေ အင်မတန်နက်နဲသိမ်မွေ့တဲ့ အတွေးအခေါ် ဒဿနတွေဟာ အမွေအနှစ်တွေပဲဖြစ်တယ်။ တို့ဘိုးဘွားများထားရစ်ခဲ့တဲ့ ဒီအမွေအနှစ်တွေကို တို့မြတ်နိုးကြတဲ့ အမွေအနှစ်မို့ တစ်ဖန်တို့ရဲ့ နောင်လာနောက်သားတွေကို လက်ဆင့်ကမ်းအမွေပေးဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရမဲ့ တာဝန်ရှိတယ်။ ဒီအမွေတွေကို တို့အချိန်မှာ မလျော့ပါးအောင် တတ်စွမ်းသမျှ ကြိုးပမ်းကြရမှာဖြစ်တယ်။ ကဗျာဖွဲ့နည်းသင်တာဟာ တို့ဘိုးဘွားများရဲ့ စာတွေကဗျာတွေကို ထိန်းသိမ်းဖို့၊ ရှင်သန်ထွန်းကားဖို့ သင်ကြားတာဖြစ်တယ်။

၂။ ဒါကြောင့်ကဗျာဖွဲ့ဆိုခြင်းဖြင့် ပြည်သူတွေကို အကျိုးပြုနိုင်ဖို့ ကဗျာဖွဲ့နည်း သင်ကြားရတာဖြစ်တယ်။

၃။ ဒီလိုကိုယ်ကစွမ်းဆောင်နိုင်ကြောင်း အများက သိလာတဲ့အခါ လူ့အဖွဲ့အစည်းထဲမှာ ကိုယ်က လူချစ်လူခင်များ၊ အသိမိတ်ဆွေတွေ ပေါများလာမယ်။ ပေါ်ပြူလာဖြစ်လာပြီး လူ့အဖွဲ့အစည်းထဲမှာ မိမိဟာ နေရာတစ်နေရာ ရလာမှာဖြစ်တယ်။ ဒီလို လူ့အဖွဲ့အစည်းမှာ မိမိအတွက် နေရာကောင်းတစ်နေရာ ရနိုင်တဲ့အတွက် ကဗျာဖွဲ့ သင်ယူခြင်းဖြစ်တယ်။

၄။ ဆက်လက်ကြိုးစားရင် ကြိုးစားသလောက် သမ္မာရင့်လာမှာဖြစ်တယ်။

၅။ ကဗျာဖွဲ့တာဟာ သူတစ်ပါးခံစားဖို့ မဟုတ်သည့်တိုင်အောင် မိမိရဲ့ခံစားချက်တွေကို ကဗျာနဲ့ ရင်ဖွင့်ခွင့်ရတဲ့အတွက် ဖိစီးမှုတွေလျော့ပါးပြီး ကိုယ့်စိတ်ကျန်းမာမှုကို အထောက်အကူများစွာ ရမှာပါ။

ဒီအသိ ဒီမြတ်နိုးမှုနဲ့အတူ သင်ထားဆောင်ထားတာတွေကို ပြန်လှန်လေ့ကျင့်ကြမယ်။

DBE BOX - Copyright Protected

## ပြန်လှန်လေ့ကျင့်ခန်း

### လင်္ကာ

၁။ အောက်ပါခေါင်းစဉ်ဖြင့် လေးလုံးစပ်လင်္ကာဖွဲ့ဆိုပါ။

(က) မြန်မာစာပေသမိုင်းခေတ်စဉ်

(ခ) ဆရာ့ကျေးဇူး

(ဂ) အိမ်သုံးဆေးဝါးများ

### သံပေါက်

၁။ အောက်ပါစာပိုဒ်တို့ကို သံပေါက်ကဗျာဖြစ်အောင် ဖြည့်ပါ။

(က) စာကျက်ကြပါ။
ညချိန် - - -
သာယာကြည်နူးဖွယ်။

(ခ) ညောင်းရွက်လေချိ
နွေရာသီ
မ---ဝိုးတဝါး။

(ဂ) နံနက်ခင်း - - -
ပွင့်လန်းလာ
ရွှေကြာရနံ့သင်း။

၂။ အောက်ပါသံပေါက်များတွင် မှားနေသော နေရာများကို ပြင်ပေးပါ။

(က) ပျိုပျိုရွှယ်လူး
နောင့်ဆွေမယ်
ချစ်ဖွယ်များသည်သာ။

(ခ) ရနံ့မွှေးမွှေး
ပန်းကလေး
မငယ် ပန်ဖို့ပါ။

DBE BOX - Copyright Protected

(ဂ) မိုးပေါ်မှာလ

ကောင်းကင်ကျယ်

စိတ်ဝယ် ကြည်နူးဖွယ်။

၃။ အောက်ပါအကြောင်းအရာတို့ကို သံပေါက်တစ်ပုဒ်စီဖွဲ့ပါ။

(က) တို့တောရွာ

(ခ) နံနက်ခင်း

(ဂ) မိုးရာသီ

## သုံးကြောင်းကဗျာ

၁။ ပေးထားသည့် ခေါင်းစဉ်အတိုင်း သုံးကြောင်းကဗျာ ဖွဲ့စပ်ပါ။

(က) မွေးသမိခင်

(ခ) ပိတောက်ရွှေဝါ

(ဂ) သည်ဆောင်းဟေမန်

## သံချပ်

၁။ အောက်ပါသံချပ်ကဗျာတွင် လိုသည့်နေရာကို ဖြည့်ပါ။

(က) အမေ့ချွေးမ ပျောက်လို့ရှာ

တွေ့ပါပြီ --- သူပဲ သူပဲ။

(ခ) လိပ်ဥပျောက်လို့ လိပ်မ ---

သူ့ခမျာ ငိုမဲ့ငိုမဲ့။

(ဂ) ဘုန်းတော်ထွန်းလို့ လေးကျွန်းသာ

ရွှေမြို့အောင် --- နတ်ပြည်အလား။

၂။ ကျောင်းအားကစားပွဲ သို့မဟုတ် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် သံချပ် ၃ ပုဒ်ခန့် ရေးပါ။

DBE BOX - Copyright Protected

## လေးလုံးစပ်လင်္ကာ

၁။ အောက်ပါလေးလုံးစပ်လင်္ကာတွင် ဆီလျော်သည့်စကားလုံးဖြည့်ပါ။

(က) ဆီးသေးမိုးဖွဲ
----လည်းကြွေလွင့်
မပွင့်နေခြည်
မကြည်ကောင်းကင်။

(ခ) ခပ်သိမ်းကလျာ
ရှုဖွယ်---လျှင်
သိင်္ဂါလျှံတောက်
ဖိတ်ဖိတ်ရောက်မျှ

(ဂ) လွင်လည်းတဆိုင်
မြိုင်လည်းတထွေ
-----လည်းတထူး
ဝေးခေါင်ကျူးကို။

၂။ အောက်ပါခေါင်းစဉ်ဖြင့် လေးလုံးစပ်လင်္ကာ တစ်ပိုဒ်ဖွဲ့ပါ။

(က) ချစ်ပြုံးနှင်းဆီ
(ခ) ကြယ်စင်ရွှန်းလဲ့
(ဂ) တဲအိမ်ကလေး

## အချိုးကဗျာ

၁။ အောက်ပါဒွေးချိုးကဗျာတွင် ဆီလျော်သည့်စကားလုံးဖြည့်ပါ။

(က) တောင်တောရယ်---
မာလာကင်ပုံဖူး
တစ်ပင်ကိုနှစ်ပင်---တယ်
ကျေးငှက်ကမြူး။



DEE BOX - Copyright Protected

(ခ) အောင်ပင်လယ်နန္ဒာ

ကြာစုံက ---။

တစ်ကန်ကို တစ်ကန်---ပါလို့

ဂယက်တွေ ပင်လယ်- - - သင့်တယ်

လှိုင်းကြက်ခွပ်ဖွေး။

၂။ အောက်ပါဒွေးချိုးကဗျာတို့၏ ကာရန်စနစ်ကို ဖော်ပြပါ။

သဲငွေပြန့်သောင်

မောင်မယ်ကကြွေး။

ရှူလဲ ကုန်နိုင်နှင့်

စုံသာမြိုင် ရေယဉ်နန်းငယ်မှာ ငုံပန်းကမွှေး။

(မြဝတီမင်းကြီးဦးစ)

လေသွေးရာ ချီ

ရွှေဖီက မွှေး။

ဝတ်ပန်းငယ် ငုံခိုင်နှင့်

မဲဇာမြိုင် ရေယဉ်စမ်းငယ်မှာ

လွမ်းဖော်မဲ့ဝေး။

(စာရေးတော်ကြီး ဦးမောင်ကလေး)

DBE BOX - Copyright Protected

# အပိုင်း – ၂

# မြန်မာကဗျာရွေးချယ်ချက်

## အခန်း ၁

## လေးလုံးစပ်လင်္ကာ

### မြကန်သာ

မြကန်သာ
တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ ၊ ငှက်မျိုးစုံသည်
ဘုံဝတီသာ၊ နန္ဒာပေလော
တူစွဟုတ္တာ။

**အမည်မသိရှေးစာဆို**

DBLBOX - Copyright Protected

### လေ့ကျင့်ခန်း

၁။ "မြကန်သာ"ကဗျာမှ မြကန်၏ သာယာလှပပုံကိုပေါ်လွင်စေသော ပုဂံခေတ်စကားအသုံးအနှုန်းများကို လေ့လာတင်ပြပါ။

၂။ "မြကန်သာ"ကဗျာ၏ ကာရန်ယူပုံစနစ်ကို ဖော်ပြပါ။

၃။ "မြကန်သာ"ကဗျာတွင် အသုံးပြုထားသည့် ကာရန်များကို ဖော်ပြပါ။

# အပိုင်း - ၂

# မြန်မာကဗျာရွေးချယ်ချက်

## အခန်း ၁

## လေးလုံးစပ်လင်္ကာ

### မြကန်သာ

မြကန်သာ
တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ ၊ ငှက်မျိုးစုံသည်
ဘုံဝတီသာ၊ နန္ဒာပေလော
တူစွဟုတ္တာ။

**အမည်မသိရှေးစာဆို**

DBLBOX - Copyright Protected

**လေ့ကျင့်ခန်း**

၁။ "မြကန်သာ"ကဗျာမှ မြကန်၏ သာယာလှပပုံကိုပေါ်လွင်စေသော ပုဂံခေတ်စကားအသုံးအနှုန်းများကို လေ့လာတင်ပြပါ။

၂။ "မြကန်သာ"ကဗျာ၏ ကာရန်ယူပုံစနစ်ကို ဖော်ပြပါ။

၃။ "မြကန်သာ"ကဗျာတွင် အသုံးပြုထားသည့် ကာရန်များကို ဖော်ပြပါ။

## နှင်းယွန်းဟေမန်

နှင်းယွန်းတော့မည် နီရဲရဲလျှင်
ဖျော့ဖျော့ကလေး၊ မြူဝတ်မှေးလည်း ပေါက်လဲပွင့်ငုံ၊ သရက်ထုံ၍
နွေးနွေးသက်ဆင်း၊ နှင်းအကြွင်းတို့ အစုံရောဖက်၊ နီသစ်ရွက်တို့
ဖြည်းညင်းသာသာ ကျလေပြီ။ နီလျက်နီကာ မြန်းလေပြီ။
မြိုင်ကျေးငှက်တို့ သည်ချိန်ရောက်တိုင်း
ရွတက်ခုန်ပျံ၊ သိုက်မြုံယံမှ မြေအောက်စမ်းဝှက်၊ သိုလက်နက်ဖြင့်
တေးသံကျူးရင့်၊ ဂါထာဆင့်၍ ချိန်းချက်ထကြွ၊ ခုခံကြသည့်
ဖွင့်ဟသီချင်း၊ ညည်းလေပြီ။ ဖော်ပြသဏ္ဍာန်၊ ကြေးမုံမှန်လျှင်
တသွင်သွင်လျှင် တော်လှန်ရေး၏ နိမိတ်တည်း။
ရေယဉ်စမ်းချောင်း၊ မြစ်ရိုးကြောင်းဝယ်
ပျံ့လှောင်းစိမ်းနုံ့၊ ရော်ရွက်ဖနံ့လည်း
ငံ့ငံ့မနေ မျောလေပြီ။

**ဒဂုန်တာရာ**

DBE BOX - Copyright Protected

### လေ့ကျင့်ခန်း

၁။ "နှင်းယွန်းဟေမန်"ကဗျာတွင် စာဆိုက ရာသီသရုပ်ကို မည်သို့သရုပ်ဖော်ရေးဖွဲ့ခဲ့သနည်း။
၂။ "နှင်းယွန်းဟေမန်"ကဗျာ၏ ကာရန်ယူပုံစနစ်ကို ဖော်ပြပါ။
၃။ "နှင်းယွန်းဟေမန်"ကဗျာတွင် မည်သည့်ကာရန်များကို အသုံးပြုထားသနည်း။

## ဤမိသားစု

ညနေဆည်းဆာ၊ နေဝင်လာ၍
တံငါလှေများ၊ လှိုင်းလေကြားဝယ်
ငါးကိုဆောင်ငင်၊ ပိုက်ကိုတင်၍
ခုပင် အိမ်ပြန်လာကြပြီ။
တံငါအများ၊ ပြန်လာငြားလည်း
သားလှတစ်ယောက်၊ လူပျိုပေါက်လျှင်
ရောက်မလာသေး မပြန်သေး။
ခါတိုင်းဆိုလျှင်
ဖခင်တံငါ၊ သူငါးရှာ၍
သည်းချာဖွေသား၊ ကျောင်းသို့သွားလည်း
ခုကားခမျာ၊ ဖ ဖျားနာ၍
ဝမ်းစာအတွက်၊ သားလှထွက်ကာ
လှိုင်းပြက်မြစ်ပြင်၊ ပိုက်ရေးငင်၍
သူလျှင်ငါးဖမ်းထွက်သတတ်(သတဲ့)။
တအိမ်တွင်းမှာ
ရောဂါခံစား၊ ချစ်လင်သားတွက်
မယားတံငါ၊ ငန်းဆေးဝါကို
ညင်သာတိုက်ကျွေး၊ ကုသပေးရင်း
လူလေးအိမ်ပြန်၊ ရောက်ချိန်တန်မို့
ပူပန်မျှော်စောင့် နေရှာ၏။
အချိန်ကြာ၍
ဆည်းဆာမတည်၊ မှိုင်းညို့ရီကာ
နေသည်ကွယ်မြုပ်၊ ညမိုးချုပ်။

DBE BOX Copyright Protected

အိပ်တန်းတက်ပြန်၊ ကျေးငှက်သံလည်း
ဆူညံရာမှ၊ ငြိမ်ဆိတ်ကြ။
ယောင်းနွမ်းညစ်ပေ၊ မှိုင်းဝေဝေနှင့်
ရေနံမီးခွက်၊ တလက်လက်။
အသင့်ပြင်ထား၊ ထမင်းများလည်း
စားသူမျှော်လျက်၊ အေးစက်စက်။
မိနှင့်ဖလည်း
သားလှကိုသာ၊ စောင့်မျှော်ရာမှ
ပူဆာရင်တွင်း၊ စိုးရိမ်ခြင်းဖြင့်
သက်ပြင်းကိုချ၊ တ တတ။
ထိုရော်ကာလ၊ တဲအိမ်ဝမှ
အိုဗျာ့ အဖေ၊ အို အမေတို့
ငါးတွေများစွ၊ သားဖမ်းရဟု
သားလှမြည်တမ်း၊ ငါးတောင်းထမ်းလျက်
အားစွမ်းမာန်ပြည့်၊ ရောက်လာဘိသော်
မိနှင့်ဖတို့ မျက်ရည်စို့။

**မင်းယုဝေ**

DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ "ဤမိသားစု" ကဗျာမှ ရသမြောက်အဖွဲ့ကောင်းများကို တင်ပြပါ။

၂။ "ဤမိသားစု" ကဗျာတွင် အသုံးပြုထားသည့် ကာရန်စနစ်များကို ဖော်ပြပါ။

၃။ "ဤမိသားစု" ကဗျာတွင် အသုံးပြုထားသည့် ကာရန်များကို ဖော်ပြပါ။

# ကြာပွင့်ချိန်

ညကဖူးငုံ၊ ကြာပဒုံသည်
အရုဏ်မိုးသောက် စောင့်သတည်း။
အရုဏ်မြူး၍
လေဦးလည်းလာ၊ တိမ်ပြာလည်းကင်း
မှောင်ကြွင်းလဲပြို၊ နှင်းလည်းစိုသော်
သံချိုရင့်ကြွေး၊ ငှက်ကလေး၏
တေးကိုနာလျက်၊ အားမာန်တက်သည်
ကန်ထက်ရွှေကြာ ပွင့်သတည်း။

**ဗန်းမော်ညိုနွဲ့.**

DBE BOX : Copyright Protected

**လေ့ကျင့်ခန်း**

၁။ "ကြာပွင့်ချိန်" ကဗျာ၏ ဆိုလိုရင်းကို သင်မည်သို့ နားလည်သနည်း။
၂။ "ကြာပွင့်ချိန်"ကဗျာ၏ ပိုဒ်တွင်းကာရန်နှင့် ပိုဒ်ဆုံးကာရန်များကို မျဉ်းသားပါ။
၃။ "ကြာပွင့်ချိန်"ကဗျာတွင် မည်သည့်ကာရန်များကို အသုံးပြုထားသနည်း။

# အခန်း ၂
# ရတု

## နေဝင်မြင်သည်ဝရွှေပြည်

နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမူ၊ အဖြူအနီ၊ စုံစီခြယ်လွင်၊ ပြင်ထပ်တွင်၌၊ နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်ချပ်၊ မှိုင်းအုပ်ပျပျ၊ ပုညတောင်ဆီ၊ ရိလျက် မလင်း၊ မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတစ်ဖက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ဖြည်းလှည့်လိမ့်တကား။

သုံးထောင်သချာ၊ ပေမဝဏ္ဏာ၊ တောရပ်ကသည်၊ ပုညထွတ်တင်၊ ဘုရားရှင်တောင်၊ ယဉ်ပြောင်မဝေး၊ စိမ့်ညေင်းညင်း၊ ဆောင်းသက်နှင်းနှင့်၊ ပင်းကြလှာထွေ၊ သေန်လေလည်း၊ စုံခြေဆိုင်းဆိုင်း၊ စစ်ကိုင်းဥယျာဉ်၊ ချိုချဉ်ပင်စုံ၊ ပန်းမျိုးပုံသည်၊ ပွင့်ထုံကြိုင်မြူ၊ ဖက်ဆွတ်ဦးကို၊ သုတ်ဖြူဆော်သွေး၊ ဖြည်းဖြည်းပြေးလျက်၊ ဓအေလွှံ့၊ နှလုံးပျံ့သည်၊ ရနံ့ချည်းလှည့်လိမ့်တကား။

ကျောက်တိခံ၍၊ မင်းဝံချက်မ၊ ဒေသမင်္ဂလာ၊ သာသနာထွန်းစည်၊ ပြည်၏တံခွန်၊ နန်းဗိမာန်မှာ၊ ဆင်းကြန်နိကာယ်၊ ကြီးငယ်ရွယ်လတ်၊ ဆင်းမှတ်ထွေပြား၊ ဝတ်စားနတ်နှိုင်း၊ သင်တိုင်းရွှေပြောက်၊ စိန်ကျောက်လည်မာ၊ သူဇာယိုးဖွယ်၊ ပျိုရွယ်ရုပ်သွင်၊ နဖူးပြင်ဝယ်၊ ရည်ရှင်ဇောတ၊ တပ်ကြငြိရွှန်း၊ မှန်စက်ဝန်းနှင့်၊ ရွှေပန်းရွှေပြီ၊ ညီရရိတည့်၊ မဏိကိုးပါး၊ စီခြားကြယ်ပြောင်၊ ခရုချောင်နှင့်၊ ရွှေတောင်ထက်တွင်၊ နတ်သဘင်သို့၊ မွှမ်းဖြင်ပည်းလှည့်လိမ့်တကား။

**ရှင်ထွေးနာသိမ်**

### လေ့ကျင့်ခန်း

၁။ "နေဝင်မြင်သည် ဝရွှေပြည်" ရတုတွင် အင်းဝမြို့သာယာပုံကို ပေါ်လွင်စေသည့် သရုပ်ဖော်အဖွဲ့ ကောင်းများကို တင်ပြပါ။

၂။ "နေဝင်မြင်သည် ဝရွှေပြည်" ရတုသည် မည်သည့် ရတုအမျိုးအစားဖြစ်သနည်း။ အချိုညီအချည် ရတုဖြစ်မဖြစ် စိစစ်တင်ပြပါ။

၃။ "နေဝင်မြင်သည် ဝရွှေပြည်"ရတုကဗျာ၏ ကာရန်စနစ်ကို ပဒ ၅ ခုခန့် မျဉ်းသား၍ သာဓကပြ ဖြေဆိုပါ။

## အခန်း ၂

## ရတု

### နေဝင်မြင်သည်ဝရွှေပြည်

နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမူ၊ အဖြူအနီ၊ စုံစီခြယ်လွင်၊ ပြင်ထပ်တွင်၌၊ နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ၊ ပုညတောင်ဆီ၊ ရီလျက် မလင်း၊ မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတစ်ဖက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ဖြည်းလှည့်လိမ့်တကား။

သုံးထောင်သချာ၊ ဟေမဝန္တာ၊ တောရပ်ကသည်၊ ပုညထွတ်တင်၊ ဘုရားရှင်တောင်၊ ယဉ်ပြောင်မဝေး၊ စိမ့်ညေင်းညင်း၊ ဆောင်းသက်နှင်းနှင့်၊ ပင်းကြလှာထွေ၊ သေန်လေလည်း၊ စုံခြေဆိုင်းဆိုင်း၊ စစ်ကိုင်းဥယျာဉ်၊ ချိုချဉ်ပင်စုံ၊ ပန်းမျိုးပုံသည်၊ ပွင့်ထုံကြိုင်မြူး၊ ဖက်ဆွတ်ဦးကို၊ သုတ်ဖြူးဆော်သွေး၊ ဖြည်းဖြည်းပြေးလျက်၊ ဧအေလွှဲ့၊ နှလုံးပျံ့သည်၊ ရနံ့ချည်းလှည့်လိမ့်တကား။

ကျောက်တိခံ၍၊ မင်းဝံချက်မ၊ ဒေသမင်္ဂလာ၊ သာသနာထွန်းစည်၊ ပြည်၏တံခွန်၊ နန်းဗိမာန်မှာ၊ ဆင်းကြန်နိကာယ်၊ ကြီးငယ်ရွယ်လတ်၊ ဆင်းမှတ်ထွေပြား၊ ဝတ်စားနတ်နှိုင်း၊ သင်တိုင်းရွှေပြောက်၊ စိန်ကျောက်လည်မာ၊ သူဇာယိုးဖွယ်၊ ပျိုရွယ်ရုပ်သွင်၊ နဖူးပြင်ဝယ်၊ ရည်ရှင်ဇောတ၊ တပ်ကြပြီရွှန်း၊ မှန်စက်ဝန်းနှင့်၊ ရွှေပန်းရွှေပြီ၊ ညီရရိတည့်၊ မဏိကိုးပါး၊ စီခြားကြယ်ပြောင်၊ ခရုချောင်နှင့်၊ ရွှေတောင်ထက်တွင်၊ နတ်သဘင်သို့၊ မွှမ်းဖြင်ပည်းလှည့်လိမ့်တကား။

ရှင်ထွေးနာသိမ်

DBE ROM - Copyright Protected

### လေ့ကျင့်ခန်း

၁။ "နေဝင်မြင်သည် ဝရွှေပြည်" ရတုတွင် အင်းဝမြို့သာယာပုံကို ပေါ်လွင်စေသည့် သရုပ်ဖော်အဖွဲ့ကောင်းများကို တင်ပြပါ။

၂။ "နေဝင်မြင်သည် ဝရွှေပြည်" ရတုသည် မည်သည့် ရတုအမျိုးအစားဖြစ်သနည်း။ အချိုညီအချည်ညီ ရတုဖြစ်မဖြစ် စိစစ်တင်ပြပါ။

၃။ "နေဝင်မြင်သည် ဝရွှေပြည်"ရတုကဗျာ၏ ကာရန်စနစ်ကို ပဒ ၅ ခုခန့် မျဉ်းသား၍ သာဓကပြ ဖြေဆိုပါ။

# အခန်း ၃
# ပျို့

## ပုတ္တောဝါဒပျို့

မျက်လုံးပမာ၊ သားသည်းချာတို့၊ ကောင်းပါစေလို၊ ပညာကိုလည်း၊ နုပျိုငယ်က၊ သင်ချေမှတည့်၊ ထိုမှရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တစ်ယောက်ထင်ပေါ်၊ နှံ့သိကျော်လိမ့်၊ ငယ်သော်ငယ်က၊ များသိပွကို၊ တစ်စမသင်၊ လေးဖင်၍သာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမဟူရ၊ လူအ လူကန်း၊ လူနှမ်း လူရူး၊ သည်ထက်ထူး၏၊ မူးမူးမော်မော်၊ သောက်ယစ်ပျော်လိမ့်၊ ကရော်ကမည်၊ ဖြစ်လတ်သည်ကား၊ ယွင်းမမှားတည့်၊ မျက်ဝါးထင်ထင်၊ သို့ပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဘွား စိတ်က၊ မြင်ချင်စွတည့်၊ တ န မသိ၊ ဖြစ်ချေဘိက၊ ငါ့သားလှသည်၊ ဒုက္ခခုပဲ၊ ဧကန်မြဲအံ့၊ ဆင်းရဲ နွမ်းရှာလိမ့်မည်တည်း။ ။

ပိုဒ်ရေ ( ၉) ဆားတုံဆရာတော်

DBE BOX - Copyright Protected

### လေ့ကျင့်ခန်း

၁။ "ပုတ္တောဝါဒပျို့"တွင် ဆရာတော်က ဆုံးမစကားပြောရာတွင် မည်သည့်အလင်္ကာများသုံး၍ ရေးသားသွားသနည်း။

၂။ "ငယ်သော်ငယ်က၊ များသိပွကို၊ တစ်စမသင်၊ လေးဖင်၍သာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမဟူရ၊ လူအ လူကန်း၊ လူနှမ်း လူရူး၊ သည်ထက်ထူး၏" ကို သင်မည်သို့ နားလည်သနည်း။ ရှင်းပြပါ။

၃။ "ပုတ္တောဝါဒပျို့"၏ ကာရန်စနစ်သည် မည်သည့် ကာရန်စနစ်ဖြစ်သနည်း။ အောက်ပါအတိုင်း သာဓကပြ ဖြေဆိုပါ။

**သာဓက** – မျက်လုံး ပမာ

သားသည်းချာတို့

ကောင်းပါစေလို

(၄-၃-၂ ကာရန်စနစ်)

# အခန်း ၃
# ပျို့

## ပုဏ္ဏောဝါဒပျို့

မျက်လုံးပမာ၊ သားသည်းချာတို့ ကောင်းပါစေလို၊ ပညာကိုလည်း၊ နုပျိုငယ်က၊ သင်ချေမှတည့်၊ ထိုမှရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တစ်ယောက်ထင်ပေါ်၊ နံ့သိကျော်လိမ့်၊ ငယ်သော်ငယ်က၊ များသိပ္ပကို၊ တစ်စမသင်၊ လေးဖင်၍သာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမဟူရ၊ လူအ လူကန်း၊ လူနှမ်း လူရူး၊ သည်ထက်ထူး၏၊ မူးမူးမော်မော်၊ သောက်ယစ်ပျော်လိမ့်၊ ကရော်ကမည်၊ ဖြစ်လတ်သည်ကား၊ ယွင်းမမှားတည့်၊ မျက်ဝါးထင်ထင်၊ သို့ပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဘွား စိတ်က၊ မြင်ချင်စွတည့်၊ တ န မသိ၊ ဖြစ်ချေဘိက၊ ငါ့သားလှသည်၊ ဒုက္ခခုပဲ၊ ဧကန်မြဲအံ့၊ ဆင်းရဲ နွမ်းရှာ လိမ့်မည်တည်း။ ။

ပိုဒ်ရေ ( ၉) **ဆားတုံဆရာတော်**

DBE BOX - Copyright Protected

### လေ့ကျင့်ခန်း

၁။ "ပုဏ္ဏောဝါဒပျို့"တွင် ဆရာတော်က ဆုံးမစကားပြောရာတွင် မည်သည့်အလင်္ကာများသုံး၍ ရေးသားသွားသနည်း။

၂။ "ငယ်သော်ငယ်က၊ များသိပ္ပကို၊ တစ်စမသင်၊ လေးဖင်၍သာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမဟူရ၊ လူအ လူကန်း၊ လူနှမ်း လူရူး၊ သည်ထက်ထူး၏" ကို သင်မည်သို့ နားလည်သနည်း။ ရှင်းပြပါ။

၃။ "ပုဏ္ဏောဝါဒပျို့"၏ ကာရန်စနစ်သည် မည်သည့် ကာရန်စနစ်ဖြစ်သနည်း။ အောက်ပါအတိုင်း သာဓကပြ ဖြေဆိုပါ။

**သာဓက** – မျက်လုံး ပမာ

သားသည်းချာတို့

ကောင်းပါစေလို

(၄-၃-၂ ကာရန်စနစ်)

# အခန်း ၄
# အချိုး

## ဒွေးချိုး

၁။ တောင်တောရယ်သာ

မာလာကင့်ဖူး။

တစ်ပင်ကို နှစ်ပင်ယှက်တယ်

ကျေးငှက်ကမြူး။

၂။ လေသွေးငယ်ဆော်

ပြည်တော်ကဝေး။

လေးငဲ့ဖြစ်အင်

ပူရေးသည်မှာမြင်တော့တယ်

နန်းပင်မြင့်သွေး။

၃။ ချိုးနှစ်ကောင်

ထနောင်းပင်ညီနောင်က

လွမ်းအောင်ကူချွဲ။

ပန်းတော်ဖြူ

ပင်မြက်နေဇာထူလှ

ဖိုးတောင်သူတဲ။

၄။ နေမှိန်မှိန်

ဆင်ဖောင်းတော် ရွှေပုသိမ်နှင့်

လာချိန်တန်တော့။

ထပ်ထပ်ကယ်မျှော်

ပြာသာဒ်ကယ် ဆောင်ဘုံပေါ်က

DBE BOX - Copyright Protected

အကြိုတော် သည်မယ်ထောက်ရတယ်
ကိုးခေါက်ပြန်ပေ့ါ။

၅။ ပန်းစံပယ်

နန်းလယ်မပေါ် ခိုက်ဟာမို့
အလိုက်တော်တန်သင့်ရှုပ
ခံပွင့်ကို ကုံး။
နန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောလေ့ရွာသုံး။

## လေ့ကျင့်ခန်း

၁။ "လေသွေးငယ်ဆော်"ကဗျာ၏ အချိုးကာရန်များကို ဖော်ပြပါ။

၂။ "နေမှိန်မှိန်"ဒွေးချိုးမှ အချိုးသတ်ကာရန်နှင့် အအုပ်ကာရန်များကို ဖော်ပြပါ။

၃။ "ပန်းစံပယ်" ကဗျာမှ ပိုဒ်တွင်းကာရန်ယူပုံများကို ဖော်ပြပါ။

DBE BOX - Copyright Protected

# အခန်း ၄
# အချိုး

## ဒွေးချိုး

၁။ တောင်တောရယ်သာ

မာလာကင့်ဖူး။

တစ်ပင်ကို နှစ်ပင်ယှက်တယ်

ကျေးငှက်ကမြူး။

၂။ လေသွေးငယ်ဆော်

ပြည်တော်ကဝေး။

လေးငဲ့ဖြစ်အင်

ပူရေးသည့်မှာမြင်တော့တယ်

နန်းပင်မြင့်သွေး။

၃။ ချိုးနှစ်ကောင်

ထနောင်းပင်ညီနောင်က

လွမ်းအောင်ကူချွဲ။

ပန်းတော်ဖြူ

ပင်မြက်နေဇာထူလှ

ဖိုးတောင်သူတဲ့။

၄။ နေမှိန်မှိန်

ဆင်ဖောင်းတော် ရွှေပုသိမ်နှင့်

လာချိန်တန်တော့။

ထပ်ထပ်ကယ်မျှော်

ပြာသာဒ်ကယ် ဆောင်ဘုံပေါ်က

DBE BOX - Copyright Protected

အကြိုတော် သည်မယ်ထောက်ရတယ်
ကိုးခေါက်ပြန်ပေ့ါ။

၅။ ပန်းစံပယ်
နန်းလယ်မပေါ် ခိုက်ဟာမို့
အလိုက်တော်တန်သင့်ရုံပ
ခံပွင့်ကို ကုံး။
နန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွေ့တယ်
တောလေ့ရွာသုံး။

## လေ့ကျင့်ခန်း

၁။ “လေသွေးငယ်ဆော်”ကဗျာ၏ အချိုးကာရန်များကို ဖော်ပြပါ။
၂။ “နေမှိန်မှိန်”ဒွေးချိုးမှ အချိုးသတ်ကာရန်နှင့် အအုပ်ကာရန်များကို ဖော်ပြပါ။
၃။ “ပန်းစံပယ်” ကဗျာမှ ပိုဒ်တွင်းကာရန်ယူပုံများကို ဖော်ပြပါ။

DBE BOX - Copyright Protected

## တြိချိုး

(၁) မဲဇလီပင်ပျိုအောက်
ပေါက်လာပါတဲ့ရွှေတမာ
ခါးချက်ကနာ။
ရေစီးရယ်တစ်ခါ
ရေသာရယ်တစ်လှည့်(လှဲ့)။
သူများလို တို့မရိုင်းတယ်
တိုင်းသိပါရဲ့။
(၂) ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့် အဖိုးအို
ဟော ကြည့်ပါဆို။
ဆိုသာဆို ပိုမိုသည့်စကား။
ကလေး အငိုတိတ်အောင်
အရိပ်အယောင်ပြတယ်
ဖိုးလနတ်သား။
(၃) အောက်ပြည်ရေတိုးလို့
ရွက်ကြိုးမနိုင်ပါလို
လှိုင်းမောက်လို့မို။
မမလေးက ကြောက်လို့ငို
မောင်ဖုန်းမို ဘယ့်နှယ့်ကူး(ရမယ်)။
လောင်းလှေကလူး။
(၄) ပျိုလေးတို့အိမ်ဦး
ဆပ်သွားဖူးတဲ့တစ်ရှုံနှစ်ရှုံ
ကျေးတွေကအုံ။

DBE BOX - Copyright Protected

မအုံပါနှင့်ကိုရွှေကျေး။
ပျိုတို့မောင် ရှင်လိုင်ပြန်တော့
နားပန်ဖို့လေး။

(၅) ပျိုလေးတို့အိမ်စွန်း
ကျွန်းဆယ့်နှစ်ပင်
စောင့်ရှောက်စေချင်၊
ဆယ့်နှစ်ပင်
ရှင်အောင်ပမွေး။
မယ်နှင့်မောင် ကံဆိုင်တော့
ကျောင်းတိုင်ဖို့လေး။

## လေ့ကျင့်ခန်း

၁။ နမူနာပြကဗျာများထဲက ခွာထောက်ကာရန်ယူပုံစနစ်ကိုဖော်ပြပါ။

၂။ နှစ်သက်ရာကဗျာတစ်ပုဒ်၏ ကာရန်ယူပုံစနစ်ကိုဖော်ပြပါ။

၃။ နမူနာပြကဗျာများတွင် မည်သည့်ကဗျာကို အနှစ်သက်ဆုံးဖြစ်သနည်း၊ အဘယ်ကြောင့်နည်း။

DBE BOL - Copyright Protected

## လေးချိုး

### အညာလှေ

အမေလေး လူကြဲ့ကြည့်
ထည့်လိုက်မလားကွဲ့ သားမောင်ကို။
ပိန်းကောယောင် တုံးစပ်တွင်း
ဆင်းခဲ့လို့ဆို။
ပွဲချောင်မှာ ရုပ်စုံများရယ်နဲ့
လုပ်ထားတဲ့ လှေလောင်းကို
မောင်းအိုနဲ့ ဗုံတောင်ကြီး။
ခါတစ်လေ
အညာလှေ အောက်စုန်ဆင်း
မင်း ဝင်လို့တီး။

**ရှေးရေး**

DBE BOX - Copyright Protected

### လှည်းယဉ်

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။
ပျိုတို့လူ ယာမလုပ်တယ်
ဝါးခုတ်တဲ့တောင်။
နွားညီနောင်
စည်အောင်ပါ့ဖေကျောင်း။
မယ်နှင့်မောင် အတူနေရမှ
ဆူဝေအောင် ချူတွေဆွဲလို့ရယ်
လှည်းယဉ်နဲ့မောင်း။

**အမည်မသိစာဆို**

## လှည်းယဉ်ထပ်ရဲ့

ညို့ကုန်းယံ ချောက်နံဘေးမှာလ
တို့ဘုန်းကံ အလျောက်မွေးရော့ထင့်
တစ်ခေါက်ပြေးမှဖြင့် မိုးထိုးမယောင်
ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။
နှစ်ကိုယ်ချို့တာကြောင့်
ချိုဘို့တူ နွားပြာတုတ်တွေနဲ့
ပျိုတို့လူ ယာမလုပ်တယ်
အားထုတ်မဲ့ မောင်မှာနော်ကွယ်
ဝါးခုတ်တဲ့တောင်။
ဟဲ့ ဆိုကာ ကြိမ်တံမြှောက်မှဖြင့်
လှည့်လိုရာ တိမ်ယံရောက်နိုင်တဲ့
အိမ်ခြံပေါက်ပါတဲ့ နွားညီနောင်
စားအီအောင်ဗျ ညနေစောင်း
အားစည်အောင်ပ ဝစေကြောင်း။
ဆောင်ခွင့်ကိုရွယ်
မောင်နှင့်မယ် တူယှဉ်တွဲပါလို့
နောင်တင့်တယ် လူမြင်ရဲခါမှ
ယူငင်ကာ ချူဆင်လို့ဆွဲပါ့မယ်
ပွဲဝင်မဲ့ ချောင်းသူရဲ့
လှည်းယဉ်နဲ့မောင်း။

**သတိုးဗီယ**

DREBOX - Copyright Protected

## လှည်းယဉ်တော်ကြွကြွ

ပွဲဆင်တော် ပြသပေးရန်မို့
လှည်းယဉ်တော် ကြွကြွလေးရယ်နဲ့
မမလေးကိုတဲ့ လိုက်ဖို့ခေါ်။
တချို့က ချောသနဲ့
တို့တောနယ် ရွာတစ်စဉ်မှာတော့
မြို့ကျောဖွယ် တန်ဆာဆင်ကြပုံက
အပြာတွင်မဲရောင်ခရမ်းရယ်နဲ့
ပဝါဆင် ဖဲစောင်မှ ဆန်းတယ်လို့
ထာဝစဉ်ပွဲဘောင်ကို မြန်းကြတယ်
ကဲ. . ပြောင်ခန်း ဖော်တယ်နော်ကွယ်
လှည်းဆောင်ပန်းပေါ်။

တူပြိုင်ကာ နှစ်ယောက်တွဲပါလို့
ချူမြိုင်စွာ ခလောက်ဆွဲတဲ့ပြင်
နောက်လှည်းက ရှေ့လှည်းကိုကျော်
ဟော့ ဟဲ့ အော်လို့ သောင်းညံကြွေး
ကွေ့လွဲချော်လို့ မောင်းပြန်သေး။
တို့အလျင်
မြို့အဝင် သညာဂုဏ်ကြောင့်
သို့မှပင် မြင်ခါကြုံတော့မယ်လို့
ပျို့သခင် ရင်ပါခုန်တဲ့အောင်
အားအန်ကုန် သိပ်ကွာမဝေးစေဖို့
ကြွားမာန်ဟုန် ထိပ်ကြာကလေးရယ်နဲ့
နွားကြန်စုံ ပိဿာပေးတို့ကို
မိုးမော့ကာ နှေးမှာကြောင့်
ကြိုးလျှော့လို့ပေး။

**ဦးရာကျော်**

**လေ့ကျင့်ခန်း**

၁။ လေးချိုးကဗျာများ၏ အချိုးသတ်ကာရန်၊ ပိုဒ်တွင်းကာရန်များကို ဖော်ပြပါ။

၂။ လေးချိုးကဗျာများ၏ ခွာထောက်ကာရန်များကို ဖော်ပြပါ။

၃။ "လှည်းယဉ်"လေးချိုးကဗျာကို "လှည်းယဉ်ထပ်ချဲ့"ကဗျာ၌ မည်သို့ချဲ့ထွင် ဖွဲ့ဆိုသွားသနည်း။

DBE BOX - Copyright Protected